# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၆ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဘာသာပေါင်းစုံကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာသာမက တစ်ကမ္ဘာလုံးနှင့် အနာဂတ်လူ့အဖွဲ့အစည်းအတွက် ငြိမ်းချမ်းမှုနှင့်မေတ္တာတရားကို ရှာဖွေရာတွင် ခွန်အားနှင့် သတ္တိများ မွေးမြူနိုင်ရေးအတွက် လူသားများကို အားပေးတိုက်တွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာနှင့် ပြည်တွင်းမှ **Religions for Peace (RfP)** နှင့် အခြားဘာသာပေါင်းစုံအဖွဲ့များမှ အဖွဲ့ဝင် ၁၈ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် အခြား ဘာသာပေါင်းစုံအဖွဲ့များမှ အဖွဲ့ဝင် ၁၈ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ကိုယ်စားလှယ်အဖွဲ့ဝင်များက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ အပြန်အလှန်ချိတ်ဆက်မှု၊ ငြိမ်းချမ်းသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ပညာရေးကဏ္ဍ၏အရေးပါမှုတို့ကို ဖော်ညွှန်းလျက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ အမြင်သဘောထားနှင့် ဆောင်ရွက်ချက်များကို တင်ပြခဲ့ပြီး ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် ၎င်းတို့၏ ကတိကဝတ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လူတိုင်းသည် ငြိမ်းချမ်းရေးနှင့် မေတ္တာတရားကို လိုလားကြသကဲ့သို့ မေတ္တာထားခြင်းကိုလည်း ခံယူလိုကြကြောင်း၊ ဘာသာတရားအားလုံးသည် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးနှင့် မေတ္တာတရားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်

*စာမျက်နှာ ၃ ကော်လံ ၅* ◆

---

### လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

### အနောက်တောင်မုတ်သုံလေ ဝင်ရောက်

**နေပြည်တော် မေ ၂၅**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

### မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးမှု အမေရိကန်ဖျက်သိမ်းခြင်းအပေါ် မြောက်ကိုရီးယားတုံ့ပြန်

စာ-၁၄


ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ(၁.၆.၁၈ မှ ၃၁.၈.၁၈) ရက်နေ့အတွင်း အခန်းခများကို 30% Discountနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

Shwe La Min

ရွှေလမင်း ဆေးရုံ

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်ာတမြို့။ Ph:044-2022799,2022801

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026387

မြန်မာ့အလင်း

# ငါးရှဉ့်သားဖောက်နည်းပညာနှင့် ကျေးလက်ပြည်သူတို့၏ ဝင်ငွေမြင့်မားရေး

ငါးရှဉ့်သည် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့နေသော သဘာဝထွက်ကုန်တစ်မျိုး ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ငါးရှဉ့်တို့ကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေခြင်း ဖြစ်ပါသည်။ အစဉ်အလာအားဖြင့် မြန်မာနိုင်ငံသည် နှစ်စဉ်တန်ချိန် ၁၂၀၀၀ ခန့် တင်ပို့လေ့ရှိသော်လည်း ဖမ်းဆီးရရှိသော ငါးရှဉ့်ပမာဏလျော့နည်းလာသောကြောင့် တန်ချိန် ၇၀၀၀ ဝန်းကျင်ခန့်သာ တင်ပို့နိုင်ပါသည်။ ဤအချက်က မြန်မာနိုင်ငံအနေဖြင့် ငါးရှဉ့်တို့ကို ပြည်ပနိုင်ငံများသို့ ဆက်လက်အရှိန်အဟုန်ဖြင့် တင်ပို့လိုပါက သဘာဝအလျောက် ဖမ်းဆီးရရှိမှုသက်သက်အပေါ် မှီခိုနေ၍ မဖြစ်၊ တခြားနိုင်ငံများကဲ့သို့ သားဖောက်နည်းပညာအသုံးပြု၍ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကျယ်ပြန့်လာရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ညွှန်ပြနေပါသည်။

အဆိုပါလိုအပ်ချက်နှင့်အညီ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူလေးဦးသည် ဗီယက်နမ်နိုင်ငံသို့သွားရောက်၍ ငါးရှဉ့်သားဖောက်နည်းပညာကို သင်ယူခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ Can Cho တက္ကသိုလ်၌ မျိုးရွေးပုံမှသည် ဆေးထိုးပုံ၊ အကောင်ဖောက်ပုံနှင့်အကောင်ပေါက်ထိန်းသိမ်းပုံအဆုံး၊ ငါးရှဉ့်မွေးမြူရေးလုပ်ငန်း၏ လိုအပ်သောလုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျလေ့လာသင်ယူခဲ့ပါသည်။ ဤတာဝန်ရှိသူများသည် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသောအခါ သင်ယူခဲ့သောနည်းစနစ်တို့ကို အသုံးချ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း စတင်ဆောင်ရွက်ချိန်သည် ပုံမှန်ငါးရှဉ့်သားပေါက်ချိန်ထက် နှစ်လခန့်နောက်ကျသောကြောင့် ပြီးခဲ့သောနှစ်တွင် အောင်မြင်မှုမရရှိခဲ့ပါ။ သို့သော် မလျှော့သောလုံ့လဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုနှစ် မေလမှစ၍ ငါးရှဉ့်များသားပေါက်ခဲ့ရာ ယခုအခါ ငါးရှဉ့်ကောင်ရေငါးရာခန့်အထိ ရရှိခဲ့ပြီ ဖြစ်ပါသည်။

ငါးရှဉ့်ကို မြန်မာနိုင်ငံတစ်နံတစ်လျားတွင် သဘာဝအလျောက် တွေ့ရှိရသည်ဖြစ်၍ ငါးရှဉ့်သားဖောက်နည်းပညာကိုသာ ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်ပါက ကျေးလက်ပြည်သူတို့၏ စုပေါင်းအင်အားဖြင့် ငါးရှဉ့်တို့ကို ပြည်ပနိုင်ငံများသို့ အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့နိုင်မည် ဖြစ်ပါသည်။ ယခုဆောင်ရွက်ရမည်မှာ ဒေသခံငါးရှဉ့်မျိုးကို အခြေခံ၍ စမ်းသပ်အောင်မြင်ခဲ့သော ဤငါးရှဉ့်သားဖောက်နည်းပညာပြန့်ပွားရေးအား မည်ကဲ့သို့ စနစ်တကျလက်တွဲဆောင်ရွက်မည်ကို သက်ဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြံဆကြရန် ဖြစ်ပါသည်။ ပြည်သူလူထုထံ ငါးရှဉ့်သားဖောက်နည်းပညာပြန့်ပွားရေးအတွက် လုပ်ငန်းစီမံကိန်းတစ်ရပ်ကို ချမှတ်ရေးဆွဲရန် လိုအပ်မည် ဖြစ်ပါသည်။ ကျေးလက်ပြည်သူလူထုသည် အရင်းအနှီးအနည်းငယ်မျှဖြင့်ဤငါးရှဉ့်သားဖောက်နည်းပညာကို အသုံးပြု၍ တစ်နိုင်တစ်ပိုင်ငါးရှဉ့်မွေးမြူရေးလုပ်ငန်းအား ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျေးလက်ပြည်သူတို့၏ ဝင်ငွေမြင့်မားလာရေးကို တစ်နည်းတစ်ဖုံအထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ဒေသခံငါးရှဉ့်မျိုးအပေါ်အခြေခံသည့် ဤသားဖောက်နည်းပညာကို အောင်အောင်မြင်မြင် စမ်းသပ်အကောင်အထည်ဖော်ခဲ့သည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်တို့အား လေးစားစွာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း တင်ပြအပ်ပါသည်။ ။

## မိုးရာသီစိုက်ပျိုးစရိတ်ကျပ်သိန်း ၁၈၂၅၀ ထီးလင်း၌ ထုတ်ချေးပေး

**ထီးလင်း မေ ၂၅**

တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြရာ၌ ငွေရေးကြေးရေး အဆင်ပြေလွယ်ကူစေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ ထီးလင်းမြို့တွင် တောင်သူဦးကြီးများထံ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

ယင်းသို့ ထုတ်ချေးပေးရာတွင် စပါးတစ်ဧက ငွေကျပ် ၁၅၀၀၀၀၊ နှမ်းတစ်ဧက ငွေကျပ် ၅၀၀၀၀၊ မြေပဲ တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တောင်သူ ၇၃၃ ဦးတို့အား ငွေကျပ် ၃၁၆၂ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်အတွက် မိုးရာသီ စိုက်ပျိုးစရိတ် ထုတ်ချေး ပေးရန်လျာထားငွေမှာ ငွေကျပ် သိန်း ၁၈၂၅၀ ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြ ချက်အရ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျွန်းလှမြို့နယ် ကျောက်အိုင်ကျေးရွာဟောင်း အနောက်ဘက်၌ရှေးဟောင်းဆင်းတုတော်များ တွေ့ရှိ



**ကျွန်းလှ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကျောက်အိုင်ကျေးရွာဟောင်းကုန်းအနီး၌ မေ ၂၄ ရက်က ရှေးဟောင်းဆင်းတုတော် ၁၉ ဆူနှင့် ဦးခေါင်းတော်မပါ ခြောက်လက်မခန့်ရှိ ကျောက်စိမ်းဆင်းတုတော်တစ်ဆူ တွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုရှေးဟောင်းဆင်းတုတော်များကို ကန့်ဘလူမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ မောင်ရာစိန်သည် မိဘပိုင်ယာခင်းအနီး ကျောက်အိုင်ကျေးရွာ ဟောင်းကုန်းအနောက် ဘုန်းတော်ကြီးကျောင်းမြောက်ဘက် ပေ ၄၀ ခန့်အကွာ စေတီဘုရားဟောင်းပေါ် ပေါက်နေသော ဝါးပင်အား ငါးမျှားတံပြုလုပ်ရန်ခုတ်စဉ် နှစ်လက်မအရွယ်၊ သုံးလက်မအရွယ်နှင့် လေးလက်မအရွယ်ရှိ ကြေးဆင်းတုတော် ၁၉ ဆူနှင့် ဦးခေါင်းတော် မပါ ခြောက်လက်မခန့်ရှိ ကျောက်စိမ်းဆင်းတုတော်တစ်ဆူ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်းထုတော်များအား ကန့်ဘလူမြို့နယ် ရွာသစ်ကုန်း ဘုန်းတော်ကြီးကျောင်း၌ ကိုးကွယ်ပူဇော်ထားကြောင်း ကျောက်အိုင်အုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ကပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ပဲခူးတိုင်းဒေသကြီး၌ နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်ဖွင့်လှစ်နိုင်ရန် တင်ပြ

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်ရေး ဟံသာဝတီယူနီဗာစတီကုမ္ပဏီလီမိတက်မှ ဒေါက်တာ စိန်ထွန်းနှင့် ဒေါက်တာဇေယျဦးတို့သည် မေ ၂၄ ရက်က လာရောက်တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ဟံသာဝတီ ယူနီဗာစတီ ကုမ္ပဏီလီမိတက်မှ ဒေါက်တာ စိန်ထွန်းနှင့် ဒေါက်တာ ဇေယျဦးတို့က ပဲခူးဒေသတွင် University of Hanthawaddy(UoH) အမည်ဖြင့် နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုဖွင့်လှစ်ရန် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူအတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သုတေသနနှင့် Industrial Based Learning တက္ကသိုလ်တစ်ခုဖြစ်လာ ရန် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါတက္ကသိုလ် ဖွင့်လှစ်ခြင်းအားဖြင့် ဒေသတွင်းလူငယ်များ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ရရှိနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပြန်/ဆက်)**



## ငြိမ်းချမ်းရေးဖိုရမ် ကော်မတီရုံး မကွေး၌ဖွင့်

**မကွေး မေ ၂၅**

မကွေးတိုင်းဒေသကြီး အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီရုံး ဖွင့်ပွဲကို မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် ရန်မျိုးနိုင် ၃ လမ်းတွင် မေ ၂၂ ရက်က ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်ကော်မတီကို ၂၀၁၆ ခုနှစ် မေလက စတင်ဖွဲ့စည်းခဲ့ တာပါ၊ အဲဒီနောက် တိုင်းဒေသကြီးအလိုက် လူ ၅၀၀ ဖိုရမ်ကို တောင်ကြီးမြို့နဲ့ နေပြည်တော်မှာ ကျင်းပတုန်းက တိုင်းဒေသကြီးကိုယ်စားပြု တက်ရောက်ခဲ့ပါတယ်၊ ဒုတိယအကြိမ် တိုင်းဒေသကြီးအဆင့်ငြိမ်းချမ်းရေးဖိုရမ်မှာ စာတမ်းတစ်စောင်ဖြစ်တဲ့ ဖက်ဒရယ်စာတမ်းနှင့် ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်နေရာချထားရေး မူဝါဒဆိုင်ရာ စာတမ်းနှစ် စောင်ကို ၂၁ ရာစု ပင်လုံသို့ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်မှ အဖွဲ့အစည်းပေါင်း ၆၈ ဖွဲ့ပါဝင်တဲ့ စာတမ်း တင်သွင်းနိုင်ခဲ့ပါတယ်"ဟု မကွေးတိုင်းဒေသကြီး အရပ်ဘက် အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ၏ တိုင်းဒေသကြီးတာဝန်ခံ ဦးဝင်းမြင့်ထွေးက ပြောသည်။

မကွေးမြို့ပေါ်တွင် ရုံးဖွင့်ရခြင်းမှာ နိုင်ငံတိုးတက်ပြောင်းလဲ ရန် အခွင့် အရေးသည် ငြိမ်းချမ်း ရေးလမ်းစဉ် သာရှိသည့်အတွက် တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဖိုရမ်ရုံးများကို ဖွင့်လှစ်ခြင်းဖြင့် အရပ်ဘက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ နယ်မြေခံများနှင့် ပူးပေါင်း၍ လူထုအသံကို နားထောင်နိုင်ရန် ဖြစ်ပြီး လွှတ်တော်သို့ တိုက်ရိုက်သတင်းပေးပို့နိုင်ရန် ရည်ရွယ်၍ ရုံးဖွင့်ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## ကော့သောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

**ကော့သောင်း မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်သည် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ မေ ၂၄ ရက်က ကော့သောင်းမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့ ဘုရင့်နောင်ရပ်တု ကုန်းမြေသို့ သွားရောက်ကာ ကုန်းမြေသန့်ရှင်းသာယာလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ တော်ဝင်ဆိပ်ကမ်း ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်ရေး၊ ဆိပ်ကမ်းကုန်စည်သိုလှောင်ရုံ ဆောက်လုပ်မည့်မြေနေရာနှင့် ဆိပ်ကမ်းတံတားအသစ် တိုးချဲ့ဆောက်လုပ်နိုင်ရေး အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သီရိမြိုင်ရပ်ကွက် ၃ မိုင် ပြည်သူ့ရင်ပြင်ကွင်းတွင် ကော့သောင်းဒေသ ရိုးရာဓလေ့ ဆိုင်ရာများ ခင်းကျင်းပြသနိုင်မည့် ပြတိုက်ငယ် ဆောက်လုပ်မည့် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ရောက်ရှိပန္နက်ရိုက်ပေးခဲ့ကြပြီး အများပြည်သူ အနားယူအပန်းဖြေသည့် နေရာများ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၄/ ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)**

**ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းကို ယင်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ချင်းပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၅/ ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)**

**ချင်းပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄ ၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉ ၊ ပုဒ်မခွဲ(ဂ)၊ပုဒ်မ ၈၂ ၊ ပုဒ်မခွဲ(ဂ)နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးထက်ကို ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ ရှေ့ဖုံးမှ

ရှိကြကြောင်း ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူသားများအနေဖြင့် မကောင်းသည့်အမြင်ကိုရှောင်ရှား၍ ကောင်းမွန်သည့် သဘောထားအမြင်ကိုသာ အလေးပေးသင့်ကြောင်း၊ တစ်ပါးသူအပေါ်မေတ္တာထားနိုင်မှသာ မိမိတို့လည်း မေတ္တာပြန်လည်ရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးနှင့် အနာဂတ်လူ့အဖွဲ့အစည်းအတွက် ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကိုရှာဖွေရာတွင် ခွန်အားနှင့် သတ္တိများ မွေးမြူနိုင်ရေးအတွက် လူသားများကို အားပေးတိုက်တွန်းရန် ကိုယ်စားလှယ်အဖွဲ့အား မေတ္တာရပ်ခံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းစေရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးစေရေး ဦးတည်ဆောင်ရွက်နေ

**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ၅/ ၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တွဲဖက်အတွင်းရေးမှူး၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။




### အကျိုးသက်ရောက်မှု ရှိစေမည်

ပထမဦးစွာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အကြံပြုချက်များကို အကောင်အထည်ဖော်နေခြင်းသည် ရခိုင်ပြည်နယ်တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းစေရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးစေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်သွားမည်ဖြစ်ကြောင်း၊ အကြံပြုချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခု ဦးစားပေးဆောင်ရွက်နေသောအချက်များသည် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး ရေရှည်တွင်လည်း ဖွံ့ဖြိုးတိုးတက်ခြင်း၊ ပဋိပက္ခကင်းဝေးခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်းတို့ ရရှိမည်ဖြစ်ပါကြောင်း။

### တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်

အကြံပြုချက်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး၊ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် ဆောင်ရွက်ရေးများသာ ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်နေကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် လက်တွေ့မြေပြင်၌ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ အမှန်ရရှိရန် လိုအပ်ကြောင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့် တာဝန်ရှိသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အမှန်တကယ် ပြောင်းလဲတိုးတက်မှုများကို ခံစားရသူများက ထုတ်ဖော်ပြောကြားလာသည်အထိ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

### ကြိုးစားဆောင်ရွက်နေ

ယခုဦးစားပေး ဆောင်ရွက်နေသော ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှု၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ ခရီးသွားလာခွင့်ရရှိစေမှု၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမီမှုရရှိစေမှု၊ ၂၀၁၂ ခုနှစ်က စတင်ခဲ့သော IDP စခန်းများကို အစီအစဉ်တကျ ပိတ်သိမ်းရန် စီမံချက်ချမှတ်ဆောင်ရွက်နေမှု၊ အထောက်အထားပြသနိုင်သော တိုးတက်ပြောင်းလဲမှုဖြင့် မှန်ကန်သော သတင်းများထုတ်ပြန်နိုင်ရေး စသည်များကို ရှင်းလင်းပြောကြားပြီး အကြံပြုချက်များ ဆောင်ရွက်ပြီးစီးမှုကို ပြည်သူသို့ အစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမအကြိမ် ထုတ်ပြန်ပေးပြီးဖြစ်ပါကြောင်း၊ ယခု မေလကုန်တွင် ဒုတိယအကြိမ် ပြည်သူသို့ အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

### စနစ်တကျဆောင်ရွက်

ဆက်လက်ပြီး ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဆွေးနွေးရာတွင် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်သည့် လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက် ဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါကြောင်း၊ အကြံပြုချက်အားလုံးကို အပြည့်အဝမဟုတ်သည့်တိုင် ရာနှုန်းပြည့်နီးပါး ဆောင်ရွက်နိုင်ရေး ကြိုးစားပေးကြစေလိုကြောင်း၊ ရေတိုရေရှည်လုပ်ငန်းများအလိုက် သက်ဆိုင်ရာဌာနများက စနစ်တကျဆောင်ရွက်နိုင်ပြီး နှစ်ဖက်အဖွဲ့အစည်း သဟဇာတဖြစ်ရန်နှင့် လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ပြည်နယ်အစိုးရအနေဖြင့်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အကြံပြုချက် (၈၈)ချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စများကို အကြံပြုချက် တစ်ချက်ချင်းအလိုက် ဆွေးနွေးတင်ပြရာ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများကလည်း ဆောင်ရွက်နေမှုများကို ဖြေကြားရှင်းလင်းခဲ့ပြီး ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းခဲ့ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ရှမ်းပြည်နယ်၊ကယားပြည်နယ်တို့၌ဆောင်ရွက်မည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်မည့် ဘက်စုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းဆောင်ရွက်ရေးနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)တို့ ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် သက်ဆိုင်သော ကျောင်းဆောက်လုပ်ရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိပ္ပွန်ဖောင်ဒေး ရှင်းနှင့် စေတနာအဖွဲ့တို့မှ Executive Director များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director , Mr. Yuji Mori နှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှ Executive Director ဦးတင်လေးတို့မှ နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director , Mr. Yuji Mori တို့က ဘက်စုံဒေသဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director , Mr. Yuji Mori၊ စေတနာအဖွဲ့မှ Executive Director ဦးတင်လေးတို့မှ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် သက်ဆိုင်သော ကျောင်းဆောက်လုပ်ရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး**(အပေါ်ပုံ)**နားလည်မှုစာချွန်လွှာအား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယခု လက်မှတ်ရေးထိုးသည့် စီမံကိန်းအနေဖြင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၁ နှစ်တာကာလအတွင်း မြန်မာငွေ ကျပ် ၂၅ ဘီလီယံဖြင့် ဘက်စုံဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စေတနာအဖွဲ့နှင့် လက်မှတ်ရေးထိုးသည့် စီမံကိန်းအနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စာသင်ကျောင်း ၁၂၀ ဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်း ၅၀ ပြုပြင်ခြင်းလုပ်ငန်းများအား အမေရိကန်ဒေါ်လာ (၆ ဒသမ ၅) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၇၃ / ၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက် |
| (၂) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် |
| (၃) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက် အထိ |

(လုသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❊ *ကျောဖုံးမှ*

လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှတသော တရားစီရင်ရေးစံနှုန်းများ ( Fair Trial Standards) ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ရည်မှန်းချက်နှင့်အညီ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ စာအုပ်ကို ပြုစုထုတ်ဝေခြင်းဖြစ်ပါကြောင်း၊ ထိုစံနှုန်းများသည် တရားစီရင်ရေးဆိုင်ရာ တန်ဖိုးများဖြစ်သည့် လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ သမာသမတ်ကျမှုနှင့် တရားမျှတမှုတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ဥပဒေအရာရှိများအနေနှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများကို လေ့လာကျင့်သုံးခြင်းဖြင့် တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ လုပ်ငန်းများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်း၊ တရားစီရင်ရေးစနစ်အပေါ် အများပြည်သူယုံကြည်ကိုးစားမှု ရှိလာခြင်းတို့အပေါ် အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ နစ်နာသူများနှင့် စွပ်စွဲခံရသူများအတွက် တရားမျှတမှုရရှိရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သကဲ့သို့ မျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းအောင်မြင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ်တွင် ပါဝင်သောအချက်အလက်များအား ရှင်းလင်းဆွေးနွေးသည်။





အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UNDP နှင့် IDLO တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ဂျီဖြူတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေးအတွက် မေ ၂၁ ရက်က မအီနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင် အသိပညာပေးဟောပြောစဉ်။

မြို့နယ်(ပြန်/ဆက်)

# ရွှေတောင်မြို့နယ်၌ SRI စိုက်နည်းစနစ်ဖြင့် ရက် ၉၀ စပါးမျိုး စံကွက်ရိတ်သိမ်း

**ရွှေတောင် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မင်းကွန်းအုပ်စု ရွှေကြို့ကုန်းကျေးရွာ ကွင်းအမှတ် (၄၁၉ ဘီ)ရှိ တောင်သူဦးအောင်ဇော်မိုး၏ နွေစပါးရက် ၉၀ စပါးမျိုး(SRI) စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် စိုက်ခင်းအား ၆၆ ပေပတ်လည် စံကွက်ရိတ်သိမ်းပွဲကို မေ ၂၂ ရက်က ပြုလုပ်ရာ ၄၆ ပေါင်ဖြင့် အစိုတင်း ၁၅ ဒသမ ၂ တင်း တစ်ကေလျှင် ပျမ်းမျှ ၁၅၀ ဒသမ ၂၀ တင်းနှုန်းထွက်ရှိသည်။ နွေစပါးစိုက်ပျိုးရာသီတွင် သက်တမ်းတိုစပါးမျိုးအား SRI စိုက်နည်းစနစ်အသုံးပြုခြင်းဖြင့် တောင်သူများ မျိုးစေ့နှုန်းထားသက်သာခြင်း၊ အောင်နှံ့ပါပင်ပွား များများရရှိခြင်း၊ စပါးအထွက်ကောင်းခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးဝမ်းလွင်က ရှင်းလင်းသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်ထွေးလှ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် မေ ၂၅**

ကော့ကရိတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၄၈ လက်မစီ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ဟိုင်းကြီးကျွန်းမြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၃၇ လက်မစီ၊ ခရမ်းမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ လောင်းလုံးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၁ ဒသမ ၁၀ လက်မစီ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မောင်တောမြို့တွင် ၀ ဒသမ ၉၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ILOနှင့် မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၅**

ILO နှင့် မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်တွင် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈)ကို မေ ၂၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အဆိုပါညှိနှိုင်းအစည်းအဝေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အတူ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အိုင်အယ်လ်အိုရန်ကုန်ရုံးမှ အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိ Mr. Rory Mungoven တို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ် ၂၂ ဦးဖြင့် အဆင့်မြင့်လုပ်ငန်းအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီကို အဓမ္မခိုင်းစေမှုပပျောက်ရေးအပါအဝင် ကလေးအလုပ်သမားပပျောက်ရေး၊ အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခြင်းကို အထောက်အကူပြုရေး၊ ဘေးကင်းလုံခြုံသော အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး၊ အလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရေး၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုဖူလုံရေး အပါအဝင် လူမှုအကာအကွယ်ပေးရေး၊ အလုပ်ရှင်များ၏ စွမ်းဆောင်ရည်အားကောင်းလာစေရေး အကောင်အထည်ဖော်ရန် စသည့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ကြောင်း။

အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များအနက် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်ပေါ်ထွက်လာစေရန် အဖွဲ့ဝင်များ၏ သီးသန့်အစည်းအဝေး (၃)ကြိမ်၊ အိုင်အယ်လ်အို ရန်ကုန်တို့(၃)ကြိမ်၊ အဖွဲ့ဝင်များဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အိုင်အယ်လ်အိုရန်ကုန်တို့ (၃)ကြိမ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိုင်အယ်လ်အိုရန်ကုန်တို့ (၁၀) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ဆွေးနွေးခဲ့ပြီး ၂၂-၁-၂၀၁၈ ရက်နေ့တွင် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၈) အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာ (MoU)နှင့်အတူ အဓမ္မခိုင်းစေမှုပပျောက်ရေးနောက်ဆက်တွဲစာချွန်လွှာ(SU) ကို ၂၀၁၈ ကုန်အထိ သက်တမ်းတိုးလက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါအဆင့်မြင့်လုပ်ငန်းအဖွဲ့နှင့် အိုင်အယ်လ်အိုတို့ ပူးပေါင်းရေးဆွဲခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်ကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များ အားလုံးထံ ဖြန့်ဝေပြီး အဓမ္မခိုင်းစေမှုပပျောက်ရေး Action Plan တွင် ဦးစားပေးနယ်ပယ် လေးခုပါရှိပြီး ဆောင်ရွက်မည့်လုပ်ငန်းစဉ် ၂၄ ခု ပါဝင်ခြင်းကြောင့် စတင်အကောင်အထည်ဖော်မည့် အသိပညာပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း ဦးစားပေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ယခု အစည်းအဝေးတွင် ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်တွင် ပါဝင်သော အချက်များတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက်များ ဦးစားပေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း နယ်သာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H. E. Wouter Jurgens အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာ ထွက်ပြေးသွားသူများအား ပြန်လည်လက်ခံရေးအတွက် မိမိတို့မြန်မာအစိုးရအနေဖြင့် အစွမ်းကုန်ကြိုးစားပြင်ဆင်ထားရှိခဲ့ပြီးသည်မှာ ကြာပြီဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက စေလွှတ်နိုင်ခြင်း မရှိသေးသည့်အတွက် ထွက်ပြေးသွားသူများ လာရောက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ထွက်ပြေးသွားသူအားလုံးကို တစ်ရက်တည်းနှင့် အပြီးလက်ခံနိုင်ရန်မှာလည်း မဖြစ်နိုင်ပါကြောင်း၊ မကြာမီ မှတ်သုံးရာသီဝင်ရောက်လာတော့မည်ဖြစ်သဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အမြန်ဆုံးစတင်ရန် မိမိတို့လိုလားပါကြောင်း၊ မိမိအမြင်ကို ရိုးသားစွာတင်ပြရလျှင် ဘင်္ဂလားဒေ့ရှ်အစိုးရက အဆိုပါ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ယင်းတို့၏ပြည်တွင်း နိုင်ငံရေးအတွက် အမြတ်ထုတ်မည်ကို စိုးရိမ်မိပါကြောင်း၊ မိမိတို့နိုင်ငံ ယခုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာခြင်းမှာ အီးယူနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာမီဒီယာများ၏ ကူညီပံ့ပိုးမှုများကြောင့်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ် ရှေ့ဆက်အဆင်ပြေ ချောမွေ့စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာမီဒီယာများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပါကြောင်း။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

လက်ရှိ မိမိတို့နိုင်ငံ၏ မီဒီယာအခြေအနေမှာ စိတ်ကျေနပ်ဖွယ်ရာ အခြေအနေမဟုတ်သေးသော်လည်း မီဒီယာလွတ်လပ်မှုကို ဟန့်တားသည့် ဥပဒေများကို သုံးသပ်ပြင်ဆင်နေပြီး လိုအပ်သည့် ဥပဒေအသစ်များကိုလည်း အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် မီဒီယာများအား မှန်ကန်သည့်သတင်းအချက်အလက်များ စနစ်တကျ မြန်ဆန်စွာပေးနိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်သာလန်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအပေါ် အစဉ်တစိုက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ပတ်သက်သည့် ပကတိအခြေအနေမှန်များကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မီဒီယာများသို့ ပြောကြားပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံသူများနှင့် စက်ရုံများ များပြားလာသည်နှင့်အမျှ အရည်အချင်းပြည့်မီသည့် လုပ်သားအင်အားများ လိုအပ်

**နေပြည်တော် မေ ၂၅**

Myanmar Buyers' Forum-Stakeholders Conference ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ဒုတိယဝန်ကြီးက ရင်းနှီးမြှုပ်နှံသူများနှင့် စက်ရုံများ များပြားလာသည်နှင့်အမျှ အရည်အချင်းပြည့်မီသည့် လုပ်သားအင်အားများလည်း ပိုမိုလိုအပ်လာပါကြောင်း၊ အခြေခံလုပ်ခလစာသည် ၃၆၀၀ ကျပ်မှ ၄၈၀၀ ကျပ်အထိ ၃၃ ရာခိုင်နှုန်းခန့် တိုးမြှင့်လာပါကြောင်း၊ ထို့နည်းတူ လုပ်သားအင်အားစု၏ စွမ်းဆောင်ရည်များကိုလည်း တိုးမြှင့်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးပြည့်မီသော ထုတ်ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အလုပ်သမားများ၏ အရည်အသွေးမြှင့်တင်ရေး သင်တန်းများအား အချိန်တိုအတွင်း ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါကြောင်း။

အထည်ချုပ်ကဏ္ဍ တိုးတက်လာသည်နှင့်အမျှ စက်ရုံများတွင် တာဝန်ယူမှု၊ လုံခြုံမှုနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အကျင့်များနှင့်အညီ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းနေခြင်းတို့ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ လွန်ခဲ့သော ၅နှစ်အတွင်း အထည်ချုပ်နှင့် ဖိနပ်စက်ရုံများ ၂၅၀ ခန့် တည်ဆောက်နိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် တင်ပို့ကုန်မှာ ဒေါ်လာ ၁ သန်းခန့်သာ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ပို့ကုန်စာရင်းများအရ အထည်ချုပ်နှင့် ဖိနပ်စက်မှုလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ထုတ်ကုန်များ တင်ပို့နိုင်ခဲ့ရာ ၅ နှစ်အတွင်း ပို့ကုန်သည် သုံးဆခန့် တိုးတက်မြင့်မားလာသည်ကို တွေ့ရပါကြောင်း။

အနာဂတ်တွင်လည်း တာဝန်ယူမှု တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ကောင်းမွန်သော လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ကာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ DFID Myanmar ၏အကြီးအကဲ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုလူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀၀ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာမှုကို အမီလိုက်နိုင်ရန် အလိုက်သင့် လျင်မြန်စွာပြောင်းလဲနိုင်ရေးသည် အလွန်အရေးကြီး




❑ **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို နည်းအမျိုးမျိုးဖြင့် မြှင့်တင်နေကြ၊ ဈေးကွက်ရှာနေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရှာပေးနေသည့် အဓိကလုပ်ငန်းဖြစ်လာသည်ကို တွေ့ရမည်ဖြစ်**

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေး အထူးနေ့ သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန် မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က သဘောတူသောကြောင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

**ရထားလမ်းနေရာတူးဖော်ဆောင်ရွက်**

အစည်းအဝေးတွင် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့အရှေ့ဘက် ဒေါင်းတော်ယိုးကျေးရွာအနီးရှိ သမိုင်းဝင် တောင်ပေါက်ကြီးတောင်တန်းများ ဖြိုချနေသည့်ကိစ္စအား ပြန်လည်သုံးသပ်ပြီး တားမြစ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ရထားလမ်းစီမံကိန်း ရပ်ဆိုင်းပြီးနောက်ပိုင်း တူးဖော်ရောင်းချနေမှုများသည် ဥပဒေနှင့်အညီ သက်ဆိုင်ရာမှ လုပ်ပိုင်ခွင့်ချပေးထားခြင်း ဟုတ်၊ မဟုတ်နှင့် ၂၀၁၀ ပြည့်နှစ်မှစကာ စဉ်ဆက်မပြတ် တူးဖော်ရောင်းချငွေများအား နိုင်ငံတော်နှင့် ပြည်သူအတွက် မည်သို့မည်ပုံ အသုံးချနေကြကြောင်းကို ပွင့်လင်းမြင်သာအောင် ချပြနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ် ရှင်းလင်းဖြေကြားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်ရှိ တောင်မထီးတောင်တန်းသည် လမ်းမတော်ကျေးရွာအုပ်စုရှိ စားကျက်တောင်မြေအတွင်းတွင် တည်ရှိပြီး မြေအမျိုးအစားသည် စားကျက်မြေအမျိုးအစား ဖြစ်ပါကြောင်း၊ တောင်ပေါက်ကြီးတောင်တန်းသည် ၂၀၀၃ ခုနှစ်တွင် နှစ်ရှည်သီးနှံများ စိုက်ပျိုးရန်အတွက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျောက်တော်မြို့နယ် ဌာနဆိုင်ရာမှ မြေဧက ၂၀၊ ရဲတပ်ဖွဲ့ဝင်များမှ ၁၀ ဧက ကို စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များမှ ၁၀ ဧက အပေါ်တွင် ၃ ဧကကိုသာ နှစ်ရှည်ရော်ဘာပင်များ စိုက်ပျိုးခဲ့ပြီး ကျန်ဧရိယာ ၇ ဧက သည် မြေလွတ်အဖြစ် ကျန်ရှိသည်ကို သိရပါကြောင်း၊ ၂၀၀၈-၂၀၀၉ တွင် မြန်မာ့မီးရထားက ရထားလမ်းဖောက်လုပ်ရာတွင် တောင်ပေါက်ကြီးတောင်တန်းပါဝင်ပြီး ရထားလမ်းနေရာအတွက် တောင်ဖြိုမြေသားများ တူးဖော်သည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ် ဂဝံကျောက် ဒေသအခေါ် ကျောက်မဲကျောက်များကို တွေ့ရှိသဖြင့် ရထားလမ်းစီမံကိန်းအတွက် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာ့မီးရထားမှ ပုဂ္ဂလိကကုမ္ပဏီကို ငှားရမ်းလုပ်ကိုင်စေခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဒေသခံပုဂ္ဂိုလ်တစ်ဦးကို ငှားရမ်းလုပ်ကိုင်စေခဲ့ပါကြောင်း။

**စီမံကိန်းရပ်ဆိုင်းခဲ့**

ထိုသို့ ရထားလမ်းစီမံကိန်းများ ဆောင်ရွက်နေစဉ် ဧည့ဝတီမြို့ဟောင်းနှင့် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ကို ဖြတ်သန်းသွားရသောကြောင့် ဒေသခံပြည်သူများ၏ ကန့်ကွက်မှုကြောင့် ၂၀၁၄ ခုနှစ် ဧပြီ ၄ ရက်တွင် စီမံကိန်းကို ရပ်ဆိုင်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ စီမံကိန်းရပ်ဆိုင်းခဲ့သော်လည်း ကျောက်ထုတ်လုပ်ငန်း ဆက်လက်လုပ်ကိုင်နေသောကြောင့် တောင်ပေါက်ကြီး တောင်တန်းအတွင်းတွင် ဂဝံကျောက်များ ထုတ်ယူသုံးစွဲနေမှုနှင့် ပတ်သက်ပြီး ကျောက်ထုတ်လုပ်သူနှင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ကျောက်တော်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ၂၀၁၇ ခုနှစ် မတ် ၄ ရက်တွင် ကျောက်ထုတ်လုပ်ခြင်းနှင့် မြေသားတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် သတိပေးတားမြစ်ခဲ့ပြီးဖြစ်သည့်အတွက် လုပ်ငန်းများ ရပ်ဆိုင်းသွားကြောင်းကို သိရှိရပါကြောင်း၊ ရထားလမ်းလုပ်ငန်း ရပ်ဆိုင်းခဲ့သော်လည်း ကျောက်တော်မြို့နယ်ရဲတပ်ဖွဲ့မှ နှစ်ရှည်သီးနှံစိုက်ပျိုးရန်အတွက် ခွင့်ပြုချက်ရရှိထားသည့် မြေ ၁၀ ဧကတွင် ကျန်သည့် မြေဧရိယာ ၇ ဧက၌ ကျောက်ထုတ်လုပ်ခြင်းများ ဆက်လက်လုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှ စစ်ဆေးတွေ့ရှိချက်အရ ယခင်ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်ခဲ့သူမှ ခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ဆက်လက်ထိန်းသိမ်းထားရှိ**

ကျောက်ထုတ်လုပ်ခွင့်ရသူသည် ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းများနှင့် ကွန်ကရစ်တံတားပြုလုပ်ခြင်းတွင် ဆောင်ရွက်ပေးခဲ့ကြောင်းကို သိရှိရပါကြောင်း၊ အဆိုပါကာလတွင် ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်ခဲ့သည့် ရဲမှူးကို ရဲစည်းကမ်းဥပဒေနှင့်အညီ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရထားလမ်းစီမံကိန်းရပ်ဆိုင်းပြီးနောက်တွင် စီးပွားဖြစ်ရောင်းချခြင်းပြုသဖြင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာမှ လုပ်ပိုင်ခွင့်ချထားပေးခဲ့ခြင်း မရှိသောကြောင့် နိုင်ငံတော်ဘဏ္ဍာအဖြစ် ရရှိခဲ့ခြင်းမရှိပါကြောင်း၊ တောင်ပေါက်ကြီးတောင်တန်းအတွင်း ကျောက်ထုတ်လုပ်ခြင်းနှင့် မြေသားတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတားမြစ်ပြီးဖြစ်ပါကြောင်း၊ အဆိုပါတောင်ပေါက်ကြီးတောင်တန်းသည် စားကျက်မြေအမျိုးအစားဖြစ်သည့်အတွက် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှစပြီး မူလစားကျက်မြေအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **သန်လျင်-ရန်ကုန် အမှတ်(၁) တံတားပိတ်ဆို့မှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် တံတားတစ်ဖက်ရှိ ကရိန်းကားတစ်စီးစီနှင့် ယာဉ်ထိန်းရဲတစ်ဦးစီကို အဆင်သင့်ထားရှိပြီး ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက တံတားအလယ်ဗဟိုတွင် ရထားလမ်းရှိပြီး ရထားလမ်း၏ ဝဲဘက်နှင့် ယာဘက်တွင် တစ်လမ်းသွားကားလမ်းများ ပါရှိသည့် တံတားကြီးဖြစ်ပါကြောင်း၊ တံတားပေါ်တွင် မော်တော်ယာဉ်များ စက်ချွတ်ယွင်းပါက ယာဉ်ထိန်းရဲတပ်ဖွဲ့စုရှိ တပ်ဖွဲ့ဝင်များမှ ကားလမ်းများ၏ ယာဘက်ရှိ ကားပါကင်နေရာသို့ ယာဉ်အား ရွှေ့၍ ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး ယာဉ်လမ်း ရှင်းလင်းပေးလျက်ရှိသည့်အပြင် သန်လျင်တံတားအနီးတွင် ကရိန်းဝန်ဆောင်မှုလုပ်ငန်းတွင်ရှိသော ကရိန်းယာဉ်များဖြင့် စက်ပျက်သော ယာဉ်များအား ဖယ်ရှားပေးလျက်ရှိပါကြောင်း၊ ဖယ်ရှားရန်ကြာမြင့်ပါက ယာဉ်ကြောကျပ်တည်းမှု ပိုမိုမဖြစ်လာစေရန်အတွက် ရှုခင်းသာလမ်းမှ နဝရတ်လမ်းသွယ်သို့ ညာချိုးပြီး ရတနာလမ်းအတိုင်း ပဲခူးမြစ်လမ်းမှ သန်လျင် အမှတ် ၂ တံတားကို ဖြတ်၍ သွားလာနိုင်ရေး ယာဉ်၊ လမ်း ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ကရိန်းယာဉ်ချထားဆောင်ရွက်**

သန်လျင်မြို့နယ်ဘက်ခြမ်းတွင် အမှတ် ၆၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင် တစ်ဦးအား မီးတန်းဆိုင်ကယ်ဖြင့် နေ့စဉ်အသင့် တာဝန်ချထားလျက်ရှိပြီး တံတားပေါ်တွင် ယာဉ်ကြောကျပ်တည်းမှုရှိပါက ကျိုက်ခေါက်ဘုရားလမ်းနှင့် လမ်းဆုံအောင်သုခမီးပွိုင့်တို့တွင် တာဝန်ချထားသည့် တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အတူပူးပေါင်းကာ ယာဉ်၊ လမ်း ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သာကေတမြို့နယ်ဘက်ခြမ်းတွင် အမှတ် ၃၇ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သန်လျင်တံတားအဆင်း မီးပွိုင့်တွင် တပ်ဖွဲ့ဝင် နှစ်ဦး နေ့စဉ်တာဝန်ချထား ဆောင်ရွက်လျက်ရှိပြီး တံတားပေါ်တွင် ယာဉ်ကြောကျပ်တည်းမှုရှိပါက တပ်ဖွဲ့ဝင်သုံးဦးမှ မီးတန်းယာဉ်တစ်စီးဖြင့် ပူးပေါင်း၍ ယာဉ်၊ လမ်း ရှင်းလင်းရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရေးကြီးပုဂ္ဂိုလ်လမ်းကြောင်း၊ နိုင်ငံခြားဧည့်သည်တော်လမ်းကြောင်း၊ အခါကြီးရက်ကြီး၊ တက္ကသိုလ်စာမေးပွဲများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲများရှိသည့်အခါ သန်လျင်ဘက်ခြမ်းနှင့် သာကေတမြို့နယ်ဘက်ခြမ်းတို့တွင် ကရိန်းယာဉ်တစ်စီးစီ ချထားဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်-သန်လျင် အမှတ် ၁ တံတား ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက် တံတားအနီးရှိ ပုဂ္ဂလိက ကရိန်းဝန်ဆောင်မှုလုပ်ငန်းမှ ကရိန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အခါကြီးရက်ကြီးများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ရှိ ကရိန်း နှစ်စီး ထပ်ဖြည့်အသင့်ထားရှိကာ တံတားပေါ်တွင် မော်တော်ယာဉ်များ စက်ပျက်ပါက ကရိန်းယာဉ်ဖြင့် ယာဉ်၊ လမ်း ရှင်းလင်းပေးလျက်ရှိပါကြောင်း၊ တံတား တစ်ဖက်တစ်ချက်စီတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား နေ့စဉ် တာဝန်ချထားပြီး ယာဉ်၊ လမ်း ရှင်းလင်းရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးတို့က ရှင်းလင်းဖြေကြားကြသည်။

**အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေး**

ထို့နောက် သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေး အထူးနေ့ သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် အာဆီယံနိုင်ငံ အပါအဝင် နိုင်ငံတကာတွင် အစိုးရဝင်ငွေရရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို နည်းအမျိုးမျိုးဖြင့် မြှင့်တင်နေကြပါကြောင်း၊ ဈေးကွက်ရှာနေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရှာပေးနေသည့် အဓိကလုပ်ငန်းဖြစ်လာသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် လုပ်ကိုင်တတ်လျှင် ဝင်ငွေလည်းရ စိတ်ဝင်စားစရာကောင်းပြီး တိုင်းပြည်နာမည်ရမည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ အမျိုးသမီးများနှင့် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အဓိကလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ မြို့ပြတွင်သာမက ကျေးလက်ဒေသများ၊ ကျွမ်းကျင်အလုပ်သမားများ၊ ကျွမ်းကျင်မှုနည်းသည့် အလုပ်သမားများအတွက်ပါ အလုပ်အကိုင်များ ဖန်တီးပေးသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာမှုကို အမီလိုက်နိုင်ရန် အလိုက်သင့် လျင်မြန်စွာ ပြောင်းလဲနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ပြောင်းလဲလာနေသည့် အခြေအနေတွင် ခရီးသွားများက ဒေသခံများနှင့် ပိုမိုထိတွေ့ဆက်ဆံလိုလာကြပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံလိုကြပါကြောင်း၊ မဖွံ့ဖြိုးသေးသည့် လူသိနည်းသည့် နေရာသစ်များကို သွားရောက်လိုကြပါကြောင်း၊ အားနည်းချက်ယွင်းချက်များကို ရှာဖွေဖော်ထုတ်ပြုပြင်ပြီး အားသာချက်များကို အမိအရဆုပ်ကိုင်ကာ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးထားသည့် ရေရှည်တည်တံ့သောခရီးသွား ဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား ဆောင်ပုဒ်နှင့်အညီ အဓိက တာဝန်ယူဆောင်ရွက်နေသည့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းများ၊ ဒေသအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သည့် ပေါင်းစုအားဖြင့် အရှိန်အဟုန်နှင့် တိုးတက်အောင်မြင်သည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရန်အတွက် တိုက်တွန်းပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်လိုသည့်အပိုဒ်များကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး




**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း နှစ်ခုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဖြေကြားခြင်းနှင့် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ရန်ပုံငွေများ ခွဲဝေဆောင်ရွက်**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room နှင့် အားကစားလုပ်ငန်းများ ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ သိပ္ပံဆောင် ၁၄၇ ဆောင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ စာကြည့်တိုက် ၁၀ဆောင်၊ သိပ္ပံဆောင် ၃၀ ဆောင် တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည့်အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် စာကြည့်တိုက် ၆၁ ဆောင်၊ သိပ္ပံဆောင် ၄၃ ဆောင်အား တည်ဆောက်ရန် ရန်ပုံငွေများ ခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆက်လက်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုးက ပြင်ဆင်လိုသည့် အပိုဒ်များအနေဖြင့် အခန်း၃၊ အပိုဒ် ၄ တွင် အခြားကြိုးဝိုင်းတောအမျိုးအစားတွင် ဒေသခံပြည်သူများ စီမံခန့်ခွဲသည့် ကြိုးဝိုင်းများဆိုသည်ကို အကြံပြုလိုပါကြောင်း၊ ရှင်းလင်းချက်အနေဖြင့် လက်ရှိတွင် ဒေသခံတိုင်းရင်းသား ဒေသများတွင် မိမိတို့ မိရိုးဖလာထုံးတမ်းစဉ်လာများနှင့်အညီ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း စီမံခန့်ခွဲမှုဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော သစ်တောမြေနေရာများရှိသောကြောင့် တရားဝင်ဖြစ်စေရန် အသိအမှတ်ပြုပေးရန် ဖြစ်ပါကြောင်း။

**တရားဝင်ဖြစ်စေရန်**

အခန်း ၃ အပိုဒ် ၅ တွင် (စ)ပိုဒ်ကို ထပ်မံထည့်သွင်းလိုပါကြောင်း၊ ဒေသခံများမှ မိမိတို့ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသော သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းဆိုသည့် အပိုဒ်ကို ထည့်သွင်းလိုပါကြောင်း၊ ရှင်းလင်းချက်အနေဖြင့် လက်ရှိတွင် ဒေသခံတိုင်းရင်းသား ဒေသများတွင် မိမိတို့ မိရိုးဖလာထုံးတမ်းစဉ်လာများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော သစ်တောမြေနေရာများ ရှိသောကြောင့် တရားဝင်ဖြစ်စေရန် အသိအမှတ်ပြုပေးရန် ဖြစ်ပါကြောင်း၊ အခန်း ၃၊ အပိုဒ် ၇တွင် (ဃ)ပိုဒ်ကို ထပ်မံထည့်သွင်းလိုသည်မှာ ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည် ဆိုသည့် အပိုဒ်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာက သစ်တောဥပဒေကြမ်းနှင့် ပတ်သက်၍ အခန်း(၅) အပိုဒ် ၁၄၊ အပိုဒ်ခွဲငယ် (က)၊ အပိုဒ်ခွဲငယ် (ခ)တို့ကို ပြင်ဆင်လိုပါကြောင်း၊ အခန်း(၅) အပိုဒ် ၁၄ အပိုဒ်ခွဲငယ် (က)တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း သို့မဟုတ် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဧက ၅၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဆိုသည့် နေရာတွင် ဧက ၂၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဟု လျှော့ချပြင်ဆင်လိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောများသည် ကုန်သလောက်ရှိနေသော်လည်း နိုင်ငံ၏ အချို့နေရာတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာများ ရှိနေဆဲပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိ ရှိနေသည့် သစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ခင်းများ တည်ထောင်ရန် ဧကများစွာ ခွင့်ပြုလိုက်ခြင်းသည် တစ်နည်းအားဖြင့် သစ်ခုတ်ခွင့်နှင့် တောမီးရှို့ခွင့် ပေးလိုက်သကဲ့သို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ဧက ၅၀၀အစား ဧက ၂၀၀ သာ ခွင့်ပြုရန် ပြင်ဆင်လိုပါကြောင်း။

> ◆ **အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း သို့မဟုတ် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဧက ၅၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဆိုသည့် နေရာတွင် ဧက ၂၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဟု လျှော့ချပြင်ဆင်လို**
>
> ◆ **လက်ရှိ ရှိနေသည့် သစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ခင်းများ တည်ထောင်ရန် ဧကများစွာ ခွင့်ပြုလိုက်ခြင်းသည် တစ်နည်းအားဖြင့် သစ်ခုတ်ခွင့်နှင့် တောမီးရှို့ခွင့်ပေးလိုက်သကဲ့သို့ဖြစ်**

**အပြောင်းရှင်းစနစ်**

ဆက်လက်၍ အပိုဒ်ခွဲငယ် (ခ)တွင် ပါဝင်သည့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်း တည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်းအတွက် ဧက ၂၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည့် နေရာတွင် ဧက ၂၀၀ အစား ဧက ၁၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဟု လျှော့ချပြင်ဆင်လိုပါကြောင်း၊ လက်ရှိ ကြိုးဝိုင်းနှင့် ကြိုးပြင်ဧရိယာထဲတွင် သစ်တောဖုံးလွှမ်းဧရိယာသည် ၆၀ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိသည်ဟု အစီရင်ခံစာများအရ သိရှိရပါကြောင်း၊ သစ်တောမြေများတွင် ရော်ဘာ၊ ဆီအုန်း၊ ကြံ စသည်ဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်း တည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်းတို့ကို ခွင့်ပြုထားသည့်အခါတွင် အပြောင်းရှင်းစနစ်ဖြင့် သစ်တောများ ခုတ်ထွင်ခြင်းခံရပါကြောင်း။

ထို့ပြင် ဧကလျှော့ချခွင့်ပြုရန် ပြင်ဆင်သင့်သည့် နောက်တစ်ချက်မှာ သစ်တောဌာနမှ ရရှိသည့် စက်မှုကုန်ကြမ်းစိုက်ခင်း တည်ထောင်ခြင်းအတွက် မြေငှားရမ်းခမှာ လက်ရှိ တစ်ဧကတွင် ငွေကျပ် ၅၀၀ သာဖြစ်ပြီး နောက် ရှစ်နှစ်ကြာပါက ငွေကျပ် ၁၀၀၀ တိုးကောက်မည်ဟုသိရှိရပါကြောင်း၊ အစိုးရရရှိသည့် အခွန်ငွေနှင့် ဆုံးရှုံးလိုက်ရသည့် သစ်တောတန်ဖိုးမှာ မကာမိအောင် ကြီးမားနေသည့်အတွက် သစ်တောမြေအမြောက်အမြား ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဧက ၂၀၀ အစား နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်း တည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်းတို့အတွက် ဧက ၁၀၀ အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်သီဟ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့ကလည်း ဆွေးနွေးခဲ့ကြသည်။

**ခုံသမာဓိကောင်စီကို တင်ပြလျှောက်ထားနိုင်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)(ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ) ဦးကျော်ထွေး တင်သွင်းသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ဆွေးနွေးရာတွင် ပုဒ်မ ၂(က)တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ဖြစ်စေ၊ နှုတ်ကတိဖြင့် ဖြစ်စေဆိုသည့် စကားရပ်ကို ပြင်ဆင်ထားပြီး အခကြေးငွေဆိုသည့် စကားရပ်ကို ပယ်ဖျက်ထားခြင်း ဖြစ်ပါကြောင်း၊ အခကြေးငွေဆိုသည့်နေရာတွင် လုပ်အားခဆိုသည့် စကားရပ်ကို သုံးစွဲထားပါကြောင်း၊ ပုဒ်မ ၂ (ဂ)တွင် အလုပ်ရှင်ဆိုသည်မှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေဆိုသည်ကို ပိုမိုကောင်းမွန်အောင် ဖြည့်စွက်ထားပါကြောင်း၊ ပုဒ်မ ၁၂တွင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်မှဟူ၍ ပိုမိုပြည့်စုံအောင် ပြင်ဆင်ထားခြင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၅၃တွင် ဝန်ကြီးဌာနက အလုပ်သမားအငြင်းပွားမှုများကို စစ်ဆေးစီရင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်း၍ အလုပ်သမားရုံးများကို ဖွဲ့စည်းတည်ထောင်ရမည်ဟု ပြင်ဆင်ထားပြီး မူလပြဋ္ဌာန်းချက်တွင် ဆောင်ရွက်နိုင်သည်ဟု ဆိုထားသည့်အတွက် ဖွဲ့စည်းတည်ထောင်ရမည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၈(က)တွင် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အငြင်းပွားသူများ သို့မဟုတ် အငြင်းပွားသူ တစ်ဖက်ဖက်မှ သဘောမတူပါက ဆုံးဖြတ်ချက်ကို သတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၇ ရက်အတွင်း ခုံသမာဓိကောင်စီကို တင်ပြလျှောက်ထားနိုင်သည်ဟု ပြင်ဆင်ထားပါကြောင်း၊ ပုဒ်မ ၅၄(က)တွင် အလုပ်ရှင်သည် သပိတ်မှောက်ရာတွင် ပါဝင်ခြင်းမရှိတော့သည့် အလုပ်သမားအချို့ အလုပ်ဆက်လက်လုပ်ကိုင်နေပါက အဆိုပါ အလုပ်သမားများ၏ လုပ်အားခ သို့မဟုတ် လခ စရိတ်ထုတ်ပေးရမည်ဟု အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ဦးနု နေအိမ် ပြခန်းဖွင့်လှစ်



**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နု-အက်တလီစာချုပ်ကိုချုပ်ဆိုခဲ့သော မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ ဦးနု အသုံးပြုခဲ့သော အသုံးအဆောင်များနှင့် သမိုင်းဝင်ပုံများကို ဦးနု ကွယ်လွန်ချိန်အထိ နေထိုင်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံမြောက်/ အနောက်ရပ်ကွက် ပြည်ထောင်စုလမ်းမ အမှတ် (၄၂) ရှိ ဦးနု နေအိမ် ပြခန်းကို ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ ဦးနု၏သမီးဖြစ်သူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါပြခန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ဦးနု၏ မိသားစုဝင်များ၊ ဦးနုဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ မီဒီယာများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြို့နယ် (ပြန်/ဆက်)**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်


အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ


အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်

**"ပြည်သူ့ထံသတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ ဖြန့်ဝေပေးလျက်ရှိ၊ ယခုအခါ အင်တာနက်အသုံးပြုသူ များပြားလာသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် အွန်လိုင်းမီဒီယာ အခန်းကဏ္ဍကို တိုးချဲ့ဆောင်ရွက်လျက်ရှိ၊ အွန်လိုင်းကဏ္ဍ တိုးချဲ့ဆောင်ရွက်မှုအနေဖြင့် Myanmar Digital News (MDN) ကို စတင်ဆောင်ရွက်ခဲ့၊ Myanmar Digital News (MDN)မှ တစ်ဆင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ"**

❐ *ကျော်ဖုံးမှ*

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ် ဇင်းလုပ်ငန်းတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ အသိပညာပြန့်ပွားရေးအတွက် စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်းဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ ယခုအခါ အဆိုပါစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ပြည်သူ့စကားဝိုင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအချိန်အထိ ပြည်သူ့စကားဝိုင်း အကြိမ်တစ်ရာကျော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စာပေချစ်မြတ်နိုးသူများဖြင့် ဖွဲ့စည်းထားသည့် Book Club များကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား သတင်းအချက်အလက်များပေးခြင်းနှင့် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် အများပြည်သူထံ အစီရင်ခံသည့် လုပ်ငန်းတာဝန်ကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိက မီဒီယာများနှင့် မတူကွဲပြားမှုများလည်းရှိနိုင်ပါကြောင်း၊ ပြည်သူ့ထံ သတင်းအချက်အလက်ဖြန့်ဝေခြင်းကို ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အဓိကထမ်းဆောင်လျက်ရှိပါကြောင်း။

**အွန်လိုင်းကဏ္ဍ တိုးချဲ့ဆောင်ရွက်မှု**

ထိုသို့ ပြည်သူ့ထံသတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ယခုအခါ အင်တာနက်အသုံးပြုသူ များပြားလာသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် အွန်လိုင်းမီဒီယာ အခန်းကဏ္ဍကိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အွန်လိုင်းကဏ္ဍတိုးချဲ့ဆောင်ရွက်မှုအနေဖြင့် Myanmar Digital News (MDN) ကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ Myanmar Digital News (MDN)မှတစ်ဆင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ချိတ်ဆက်ညှိနှိုင်းပေးလျက်ရှိ**

ပြည်သူများအား သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေမှုပေးခြင်းစသည့် ကဏ္ဍသုံးခုဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ကိုယ်တိုင်ဆောင်ရွက်နေသည့်အပြင် ပုဂ္ဂလိကများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့်ကဏ္ဍတွင် သတင်းမီဒီယာများ သတင်းအချက်အလက် ပိုမိုရရှိရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း ချိတ်ဆက်ညှိနှိုင်းပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ပဋိပက္ခဖြစ်ပွားရာနေရာများသို့ သတင်းမီဒီယာများ သွားရောက်သတင်းရယူနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သတင်းမီဒီယာများအား (၁၀) ကြိမ်နှင့်အထက် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

သတင်းမီဒီယာသမားများ သတင်းအချက်အလက် ရရှိရေးနှင့်အတူ လွတ်လပ်စွာရေးသားခွင့်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းစဖြစ်သည့်အတွက် တည်ဆဲဥပဒေအရ အရေးယူခံရသည့် ဖြစ်စဉ်များလည်းရှိပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာသမားများ သတင်းအချက်အလက်ရရှိရေးနှင့် လွတ်လပ်စွာရေးသားခွင့်အတွက် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အဆင်သင့်ရှိပါကြောင်း။

**ပုံနှိပ်မီဒီယာအခန်းကဏ္ဍ အားနည်းလာ**

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အချို့ကိစ္စရပ်များမှာ နှေးကွေးမှုရှိနိုင်သော်လည်း ရှေ့သို့ဆက်လက်လျှောက်လှမ်းလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခေတ်နှင့်အညီ နည်းပညာများတိုးတက်လာသည့်အတွက် အွန်လိုင်းမီဒီယာအသုံးပြုမှု တိုးတက်များပြားသောကြောင့် ပုံနှိပ်မီဒီယာအခန်းကဏ္ဍ အားနည်းလာသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

ရုပ်သံလွှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလွှင့်ဥပဒေနှင့် နည်းဥပဒေ မပေါ်ပေါက်သေးသော်လည်း လက်ရှိတည်ဆဲဥပဒေများနှင့်အညီ ပုဂ္ဂလိက လုပ်ငန်းရှင်ငါးဦးကို ရုပ်သံလွှင့်မီဒီယာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းရှင် ငါးဦးအနက် မဇ္ဈိမမီဒီယာ၊ DVB မီဒီယာတို့သည် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့်လုပ်ငန်းရှင် သုံးဦးသည်လည်း ယခုနှစ်အတွင်း စတင်ဆောင်ရွက်သွားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ရေဒီယိုအသံလွှင့်လုပ်ငန်း တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် Community Radio အဖြစ် ခရေ ရေဒီယိုအသံလွှင့်ခြင်းကို စမ်းသပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**မကြာမီကျင်းပသွားရန် စီစဉ်ထား**

ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတမ်းဖတ်ပွဲများ၊ စာပေပွဲတော်များ၊ ကလေးစာပေပွဲတော်များနှင့် စာအုပ်အရောင်းပွဲတော်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မကြာမီကျင်းပသွားရန် စီစဉ်ထားရှိပါကြောင်း၊ တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ စာတမ်းဖတ်ပွဲများ၊ ပြပွဲများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာနသည် ထွန်းဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်းကို ခေတ်ကာလနှင့်လျော်ညီစေရန် မူသစ်ဖြင့် ပြောင်းလဲထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စာပေချစ်မြတ်နိုးသူများအတွက် မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ထုတ်ဝေနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ငြိမ်းချမ်းရေးဂီတပွဲတော်များ ကျင်းပခဲ့**

ပြည်သူများ အပန်းပြေစေရန် ဖျော်ဖြေမှုအခန်းကဏ္ဍတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် သက်ဆိုင်ရာအစည်းအရုံးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးဂီတပွဲတော်များကိုလည်း ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို ကျင်းပပေးနိုင်ခဲ့ပြီး ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်း ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ရုပ်ရှင်စတူဒီယို ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ရုပ်ရှင်အစည်းအရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရုပ်ရှင်သင်တန်းကျောင်း ပေါ်ပေါက်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**စာအောင်သံဃာ ၈၈ ပါး အောင်မြင်**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပရိယတ္တိဆိုင်ရာကဏ္ဍတွင် အကြိမ် (၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ပိဋကသုံးပုံ အာဂုံအောင် တစ်ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် ၂ ပါး၊ ပိဋက နှစ်ပုံ အာဂုံအောင် ၆ ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ၁၃ ပါး၊ ဝိနည်း (ပထမပိုင်း) နှစ်ကျမ်း အာဂုံအောင် ၅၁ ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် တစ်ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် ၄ ပါး၊ ဝိနည်း (ပထမပိုင်း) နှစ်ကျမ်း ရေးဖြေအောင် ၁၀ ပါး၊ စုစုပေါင်း စာအောင်သံဃာ ၈၈ ပါးတို့ အောင်မြင်ခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနားတွင် သံဃာတော် ၁၉၉ ပါး၊ သီလရှင် ၉ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီး ၆၀၊ စုစုပေါင်း ၂၆၈ ပါး/ဦးတို့အား ဆက်ကပ်အပ်နှင်းချီးမြှင့်ခဲ့ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ပစ္စည်းတန်ဖိုး ၁၆၆၄ သိန်း၊ ငွေသားတန်ဖိုး ၁၅၇၆ သိန်း၊ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၃၂၄၀ လှူဒါန်းနိုင်ခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၅၄၇ ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၃၀၉၂၇၃ ဦးတို့အား ဆရာ၊ ဆရာမ ၇၈၆၂ ဦးတို့ဖြင့် ပညာသင်ကြားလျက်ရှိပြီး မူလတန်းပြတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀ နှုန်း၊ မူလတန်းလွန်နှင့် အလယ်တန်းပြ ငွေကျပ် ၄၁၀၀၀ နှုန်း၊ အထက်တန်းပြ ငွေကျပ် ၄၅၀၀၀ နှုန်းစီဖြင့် လစဉ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်တာကာလအတွင်း ငွေကျပ် ၁၄၀၆၈၁၀၀၀ ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

**ထောက်ပံ့ပေးခဲ့**

အခြားဘာသာများအား ကူညီထောက်ပံ့ခြင်းအပိုင်းတွင် မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ပရိုတက်စတင့် ခရစ်ယာန်နှင့် ကက်သလစ်ခရစ်ယာန်ဘာသာဝင်များသို့ ထောက်ပံ့လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၃၂၅၀၀၀ ကို ထောက်ပံ့ပေးခဲ့ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ မေရီချက်(ပ်) မင်း နားမကြားသော ကလေးများသင်တန်းကျောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ အစ္စလာမ်ဘိုးဘွားရိပ်သာတို့အတွက် ငွေကျပ်သိန်း ၅၀ စီ လှူဒါန်းခဲ့ပါကြောင်း။

ကမ္ဘာ့အမွေအနှစ် စာရင်းများအဖြစ် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ကို ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် လည်းကောင်း၊ မန္တလေးမြို့ရှိ မဟာလောကမာရဇိန်ကုသိုလ်တော် ကျောက်စာကို ၂၀၁၃ ခုနှစ် ဇွန် ၂၃ ရက်တွင် လည်းကောင်း၊ မြစေတီ (ရာဇကုမာရ်) ကျောက်စာကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း၊ အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင်လည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းထားသော မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာရေးထိုးထားသော ခေါင်းလောင်းစာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် လည်းကောင်း သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ကမ္ဘာ့အမွေအနှစ် တင်သွင်းသွားမည်**

ထို့ပြင် ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ အာနန္ဒ စန္ဒြစရ ကျောက်စာကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပစိဖိတ်ဒေသတွင်း ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခဲ့ပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ် သတ်မှတ်နိုင်ရန် ၂၀၁၈ ခုနှစ် မေလတွင် ကမ္ဘာ့အမွေအနှစ် စင်တာသို့ တင်သွင်းသွားမည်ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က အင်အား ၆ ဒသမ ၈ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သော စေတီပုထိုး ၃၈၉ ဆူကို ပြုပြင်မှုများဆောင်ရွက်ခဲ့ရာ ဘုရား ၂၂၄ ဆူကို အင်္ဂါစုံပြုပြင်ခြင်း၊ ဘုရား ၈၆ ဆူအား ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ ဘုရား ၂၆ ဆူနှင့် ဆောင်ရွက်ရန် ၅၃ ဆူဖြစ်ပါကြောင်း။

**စုစုပေါင်း ၃၄၇ ခု စုဆောင်းခဲ့**

လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲသည် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှုဓလေ့ထုံးစံ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စဉ်ဆက်မပြတ် ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ တိုင်းရင်းသားတို့၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း စုစုပေါင်း ၃၄၇ ခု စုဆောင်းခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာသမိုင်းအဖွဲ့ကို ယခင်က အချိန်ပြည့် အဖွဲ့ဝင် ၁၀ ဦး၊ အချိန်ပိုင်း အဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းရာမှ ယခုနှစ်အတွင်း အချိန်ပြည့်အဖွဲ့ဝင် ၁၈ ဦး၊ အချိန်ပိုင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး ဆောင်ရွက်ပေးခြင်းအနေဖြင့် ပြည်တွင်း၌ အစိုးရဌာနများတွင် ၂၈၁၄၉ ဦး၊ ပုဂ္ဂလိက ကဏ္ဍတွင် ၃၈၃ ၆၈၅ ဦး၊ စုစုပေါင်း ၄၁၁ ၈၃၄ ဦးနှင့် ပြည်ပ ၉ နိုင်ငံသို့ ၃၂၉ ၁၂၅ ဦး စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း။

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက် မှတ် (Certificate of Identity – CI) ထုတ်ပေးခြင်းအနေဖြင့် CI ထုတ်ပေးရေးစခန်း ၉ ခု Mobile Team နှစ်ဖွဲ့ဖြင့် အလုပ်သမား ၁၀၇၇၃၈၅ ဦး ထုတ်ပေးခဲ့ပါကြောင်း။

ကျွမ်းကျင်လုပ်သားများ စစ်ဆေးအကဲဖြတ်ရာတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ အတည်ပြုထားသည့် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ဌာနများတွင် အလုပ်အကိုင် ၂၂ မျိုးအတွက် ကျွမ်းကျင်မှုအဆင့် ၁ လုပ်သား ၄၈၁၆ ဦး၊ ကျွမ်းကျင်မှု အဆင့် ၂ အတွက် လုပ်သား ၂၅၅ ဦး၊ စုစုပေါင်း ၅၀၇၁ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**အနည်းဆုံး အခကြေးငွေ အတည်ပြုထုတ်ပြန်နိုင်ခဲ့**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ၁၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများအတွက် တစ်နာရီလျှင် ၆၀၀ ကျပ်နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၄၈၀၀ သတ်မှတ်နိုင်ရေး ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ပေးပို့၍ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပြန်လည်ထုတ်ပေးခြင်းအနေဖြင့် ဆေးကုသမှုကုန်ကျစရိတ်များအား ပြန်လည်ထုတ်ပေးလျက်ရှိရာ အမှုတွဲပေါင်း ၃၃၆၄၂ မှုအတွက် အာမခံအလုပ်သမားများအတွက် ငွေကျပ်သန်း ၁၅၄၀ ဒသမ ၁၄၃ အား ပြန်လည်ပေးအပ်ခဲ့ပြီး ငွေကြေးအကျိုးခံစားခွင့်အဖြစ်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

စာမျက်နှာ ၈ မှ

အမှုတွဲ ၃၄၃၁၉၉ မှုအတွက် ငွေကျပ်သန်း ၁၅၂၃၉ ဒသမ ၈၃၃ ကို ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**အငြင်းပွားမှု ၁၉၂ မှုကို ဖြေရှင်းပေးခဲ့**

အလုပ်သမားရေးအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ခြင်းတွင် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ၁၉၂ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၃၁၀၃ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့်ရရှိစေခဲ့ပါကြောင်း၊ ထို့အပြင် အငြင်းပွားမှု ၃၂၅ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၅၉၁ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လေဆိပ်သုံးခုတွင် ခွင့်ပြုပေးလျက်ရှိ**

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းအနေဖြင့် ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်၊ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံသားများအား လုပ်ငန်းဗီဇာ၊ အလုပ်ရုံ၊ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ သုတေသနဗီဇာ၊ ဖြတ်သန်းဗီဇာနှင့် ယာဉ်အမှုထမ်းဗီဇာတို့ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုတွင် ခွင့်ပြုပေးလျက်ရှိရာ ရုရှားဖယ်ဒရေးရှင်းနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကို ထပ်မံခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ်မှစတင်၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် e-Visa စနစ်ဖြင့် အဆင့်ဆင့်တိုးချဲ့ဝင်ခွင့်ပြုခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ပေါက် သုံးခုဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း လူဝင်မှုစစ်ဆေးရေးဂိတ်တို့တွင် ၂၀၁၆ ခုနှစ်မှ စတင်၍ e-Visa ဖြင့် စတင်ခွင့်ပြုခဲ့ပါကြောင်း၊ ယခုအခါ ထီးခီးဂိတ်မှလည်း ဝင်ထွက်ခွင့်ပြုနေပြီဖြစ်ပါကြောင်း၊ e-Visa Business (လုပ်ငန်းဗီဇာ)ကို ၅၁ နိုင်ငံခွင့်ပြုထားရာမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အား ထပ်မံခွင့်ပြုခဲ့ပါကြောင်း။

ဥပဒေနှင့်အညီ ဖြေလျှော့မှုနည်းလမ်းများဖြင့်စိစစ်၍ မြန်မာနိုင်ငံသား ၂၈၀၊ နိုင်ငံခြားသား ၄၀၃ ဦး၊ စုစုပေါင်း လူပုဂ္ဂိုလ် ၆၈၃ ဦးနှင့် နိုင်ငံကူးလက်မှတ်စာအုပ် ၃၅ အုပ်ကို Black List စာရင်းမှပယ်ဖျက်ခဲ့ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမည်မည်းစာရင်း(Black List)များ ကြိုတင်စစ်ဆေးနိုင်သည့်စနစ် MAPPs (Myanmar Advanced Passenger Processing System)ကို ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဗီဇာကင်းလွတ်ခွင့်ပြုလျက်ရှိ**

သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ အပါအဝင် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအား ဗီဇာကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့ပြင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မလေးရှားနိုင်ငံမှအပ ကျန်အာဆီယံ ၈ နိုင်ငံနှင့် စာချုပ်ချုပ်ဆို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပြည်ပြန်ဝင်ခွင့်ဗီဇာသက်တမ်းတိုးမြှင့်**

ပြည်တွင်းနေအရည်အချင်းရှိ နိုင်ငံခြားသားများမှ ပြည်ပရှိဆွေမျိုးများထံ သွားရောက်လိုပါက ပြည်ပြန်ဝင်ခွင့်ဗီဇာအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ မြန်မာငွေကျပ်ငါးထောင်ကောက်ခံ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာဖြင့် ပြည်ပတွင် ခြောက်လနေထိုင်ခွင့်ရှိပြီး သတ်မှတ်ကာလထက် ကျော်လွန်နေထိုင်လိုပါက သက်ဆိုင်ရာသံရုံး၊ ကောင်စစ်ဝန်ရုံးများ၌ ပြည်ပြန်ဝင်ခွင့်ဗီဇာသက်တမ်းတိုးမြှင့် လျှောက်ထားနိုင်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ် ဝင်၊ ထွက်ပေါက်များတွင် MRTD စနစ်ဖြင့် ခရီးသည်ဆိုင်ရာ အချက်အလက်ရယူသည့် Border Control System(BCS) စနစ်ကို အသုံးပြုလျက်ရှိပါကြောင်း၊ အစိုးရ၏နှစ်နှစ်တာကာလအတွင်း ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်လျှောက်ထားသူ ၁၁၇ ဦးအနက် ၆၈ ဦးအား ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူ ၁၉၃ ဦးအနက် ၁၂၉ ဦးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါကြောင်း။



အမြဲတမ်းအတွင်းဝန် ဦးအေးလွင်



ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်

**"နှစ်အလိုက် ပြည်ပဧည့်သည် လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၃၄၄၃၁၃၃ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလအထိ ၁၂၂၅၈၅၆ ဦး ဝင်ရောက်ခဲ့၊ စစ်တမ်း ကောက်ခံရရှိမှုအပေါ်အခြေခံ၍ ပျမ်းမျှတည်းခိုနေထိုင်ရက် တစ်ရက်ပျမ်းမျှအသုံးစရိတ်တို့ကို ဖော်ထုတ်တွက်ချက်မှုအရ ဟိုတယ်လုပ်ငန်းများမှ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၆၉ သန်းရှိခဲ့ပြီး ၂၀၁၈ ဧပြီလအထိ အမေရိကန်ဒေါ်လာ သန်း ၇၁၀ ရရှိခဲ့"**

**နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး**

သစ္စာစီမံချက်ဖြင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား ၎င်းတို့ရောက်ရှိသည့် ဒေသတွင်ပင် အိမ်ထောင်စု ၃၉၉၆၀ စုအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၈၅၄ ဦး ထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားချိန်မပျက် ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ရရှိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၁၇၉၄၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးခြင်းလုပ်ငန်းအား စခန်း ၁၁ ခုနှင့် Mobile Team နှစ်ခုတို့တွင် ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀၁၃၇၄၈ ဦးတို့အား CI ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

သန်းခေါင်စာရင်း အချက်အလက်များပေါ်မူတည်ပြီး တိုင်းရင်းသားလူမျိုးစာရင်း ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအချက်အလက်များအပေါ်မူတည်၍ နိုင်ငံတော်၏ အမျိုးသားအဆင့် လူဦးရေမူဝါဒရေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အနာဂတ်ကာလများတွင်လည်း သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**ခရီးသွားလုပ်ငန်း၏ မျှော်မှန်းချက်များ**

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မြန်မာခရီးသွားလုပ်ငန်း၏ မျှော်မှန်းချက်များသည် ပိုမိုကောင်းမွန်သော နေထိုင်ရန်နေရာဖြစ်စေရန်၊ အလုပ်အကိုင်များပိုမိုရရှိရန်၊ စီးပွားရေးအခွင့်အလမ်းများပံ့ပိုးပေးရန်၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကြွယ်ဝသော ယဉ်ကျေးမှုအမျိုးအစားများအား မျှဝေခံစားရန်နှင့် လာရောက်လည်ပတ်သူများကို နွေးထွေးပျူငှာစွာကြိုဆိုရန်တို့ ဖြစ်ပါကြောင်း။

ဥပဒေစိုးမိုးရေးနှင့် ခရီးသွားကဏ္ဍတွင် ခရီးသွားဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဥပဒေအသစ်တွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ခရီးသွားများအတွက် အခွင့်အရေးနှင့် လိုက်နာရန်အချက်များ တိကျစွာပါဝင်ပါကြောင်း၊ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား လုပ်ပိုင်ခွင့်များ ခွင့်ပြုမှုအခြေအနေများလည်း ပါဝင်ပါကြောင်း။

**အမေရိကန် ဒေါ်လာ သန်း ၇၁၀ ရရှိခဲ့**

နှစ်အလိုက် ပြည်ပဧည့်သည် လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၃၄၄၃၁၃၃ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလအထိ ၁၂၂၅၈၅၆ ဦး ဝင်ရောက်ခဲ့ပါကြောင်း၊ စစ်တမ်းကောက်ခံရရှိမှုအပေါ်အခြေခံ၍ ပျမ်းမျှတည်းခိုနေထိုင်ရက် တစ်ရက်ပျမ်းမျှအသုံးစရိတ်တို့ကို ဖော်ထုတ်တွက်ချက်မှုအရ ဟိုတယ်လုပ်ငန်းများမှ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၆၉ သန်းရှိခဲ့ပြီး ၂၀၁၈ ဧပြီလအထိ အမေရိကန်ဒေါ်လာ သန်း ၇၁၀ ရရှိခဲ့ပါကြောင်း။

**ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု**

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုသည် ရန်ကုန်မြို့တွင် ၂၃ ရာခိုင်နှုန်း၊ မန္တလေးမြို့တွင် ၁၂ ရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၆၅ ရာခိုင်နှုန်းရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရန်ကုန်မြို့တွင် ၇၁ ရာခိုင်နှုန်း၊ မန္တလေးမြို့တွင် ၅ ရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၄ ရာခိုင်နှုန်း ရှိပါကြောင်း။

တိုက်ရိုက်အလုပ်အကိုင်ရရှိမှုအနေဖြင့် ၂၀၁၈ ခုနှစ်၌ ဟိုတယ်လုပ်ငန်းမှ ၆၂၇၆၂ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းမှ ၁၀၈၉၆ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းမှ ၄၂၁၁ ဦး၊ ဧည့်လမ်းညွှန်လုပ်ငန်းမှ ၇၉၇၁ ဦး၊ စားသောက်ဆိုင်လုပ်ငန်းမှ ၃၃၀၀၀၀၊ လေကြောင်းလိုင်းမှ ၅၁၅၀၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်လုပ်ငန်းမှ ၂၃၅၀ စုစုပေါင်း ၄၂၃၃၄၀ ရှိပါကြောင်း။

**စီးပွားရေးစွမ်းဆောင်မှုမြှင့်တင်ရေး**

နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံကိန်းများအနေဖြင့် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ နည်းပညာအကူအညီဖြင့် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ၊ နိုင်ငံခြားသားများ ဆောင်ရန်နှင့် ရှောင်ရန်နှင့် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း ပါဝင်လာစေရေးမူဝါဒများ ရေးဆွဲခြင်း တစ်နှစ်စီမံကိန်း၊ နော်ဝေနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ နည်းပညာအကူအညီဖြင့် ခရီးသွားလုပ်ငန်းတစ်နှစ်ပင်မစီမံကိန်း၊ ICIMOD ၏ နည်းပညာအကူအညီဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲခြင်း တစ်နှစ်စီမံကိန်း၊ JICA ၏ နည်းပညာအကူအညီဖြင့် ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး သုံးနှစ်စီမံကိန်း၊ ဥရောပရှိ La Sapienza University ၏ နည်းပညာအကူအညီဖြင့် တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အပြုသဘော အားပေးတိုက်တွန်းမှု ဖွံ့ဖြိုးစေခြင်း သုံးနှစ်စီမံကိန်း၊ လူဇင်ဘတ်နိုင်ငံ၏ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း၊ PfC ၏ နည်းပညာအကူအညီဖြင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အခြားဒေသများတွင် သက်မွေးသင်တန်းများဖွင့်လှစ်ခြင်း၊ Japan Tokyo Metropolitan ၏ နည်းပညာအကူအညီဖြင့် ခရီးသွားလုပ်ငန်း နယ်ပယ်ချဲ့ထွင်ရာတွင် ဆက်စပ်သောအဖွဲ့အစည်းများကို အားပေးကူညီခြင်း သုံးနှစ်စီမံကိန်း၊ ဩစတြေးလျနိုင်ငံ MIID ၏ နည်းပညာအကူအညီဖြင့် သဘာဝအလှအပများကို ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ သဘာဝအရင်းအမြစ်များကို ဗဟိုပြုပြီး တာဝန်သိခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ် လေးနှစ်စီမံကိန်း၊ ဆွစ်ဇာလန်နိုင်ငံ Swiss Contact ၏ နည်းပညာအကူအညီဖြင့် စီမံကိန်းဟိုတယ်ဆိုင်ရာ သင်တန်းများ ကနဦးအစီအစဉ် သုံးနှစ်စီမံကိန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးအကူအညီဖြင့် အရှေ့အနောက် စီးပွားရေးလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေးစွမ်းဆောင်မှုမြှင့်တင်ရေး သုံးနှစ်စီမံကိန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကျေးရွာဒေသများအဖြစ် ကျေးရွာ၄၇ ရွာတွင် လုပ်ငန်း ၂၁ ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားသတင်းအချက်အလက် ဖြန့်ဝေရေးစင်တာများအဖြစ် ရှမ်းပြည်နယ်တွင် ဖယ်ခုံကောင်တာ၊ ဟဲဟိုးလေဆိပ် ကောင်တာနှင့် ကလောကောင်တာ၊ ချင်းပြည်နယ်တွင် ကန်ပက်လက်ကောင်တာ၊ မွန်ပြည်နယ်တွင် မော်လမြိုင်ကောင်တာနှင့် ရခိုင်ပြည်နယ်တွင် စစ်တွေကောင်တာတို့ကို ဖွင့်လှစ်ထားရှိပါကြောင်း။

**လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ထား**

ခရီးသွားလုပ်ငန်းဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းရန်၊ ဦးစားပေးခရီးစဉ်ဒေသများဖော်ထုတ်ရန်၊ မြန်မာနိုင်ငံကိုထင်ရှားသော ခရီးစဉ်ဒေသဖြစ်လာစေရန်၊ ခရီးသွားဆိုင်ရာ တရားမဝင်လုပ်ငန်းများ ထိန်းကျောင်းရန်နှင့် ယှဉ်ပြိုင်နိုင်သော စျေးကွက်ခရီးသွားဒေသဖြစ်စေရန်တို့ကို ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်းပြည်ပသတင်းမီဒီယာများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

**တာဝန်ရှိသူများက ဖြေကြား**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ရငွေ၊ သုံးငွေကိစ္စ၊ အွန်လိုင်းမီဒီယာများ မှတ်ပုံတင်ရေးကိစ္စ၊ သတင်းထောက်များ ဖမ်းဆီးတရားစွဲဆိုခံရခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနအနေဖြင့် သတင်းအမှန် သိရှိအောင် ဆောင်ရွက်နေသည့်အခြေအနေ၊ လူမှုကွန်ရက်များတွင် အမုန်းစကားများ ရပ်တန့်ရန် ဝန်ကြီးဌာနမှ ဆောင်ရွက်သွားမည့်အခြေအနေ၊ သတင်းမီဒီယာဥပဒေရေးဆွဲနေသည့် အခြေအနေ၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာသတင်းရယူခွင့် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သွားမည့် အခြေအနေနှင့် အထူးသတင်းထောက်များကိစ္စတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်ပတ်သက်၍ ဘာသာရေးပဋိပက္ခများမဖြစ်အောင် ဆောင်ရွက်နေမှု အခြေအနေ၊ အမုန်းတရားကာကွယ်ရေးဥပဒေမူကြမ်းကိစ္စ၊ ရှေးဟောင်းပစ္စည်းများ ပြသထားမှုအခြေအနေ၊ ကမ္ဘာ့အမွေအနှစ် စာရင်းများအဖြစ် သတ်မှတ်ခံရရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် ဒုက္ခသည်များပြန်လာရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ အိမ်အကူများ ညှဉ်းပန်းနှိပ်စက်ခံရမှု ကာကွယ်ပေးရေးကိစ္စ၊ အထောက်အထားမဲ့ သွားလာနေမှုကိစ္စ၊ ကလေးအလုပ်သမားပပျောက်ရေး ဥပဒေမူကြမ်း ရေးဆွဲနေမှုအခြေအနေနှင့် လူမျိုးစုစာရင်း ထုတ်ပြန်နိုင်ရေးကိစ္စရပ်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းထားသည့်ကိစ္စ၊ ကာစီနိုများ ခွင့်ပြုပေးနေမှုအခြေအနေ၊ CNN မီဒီယာနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စနှင့် လေကြောင်းမှတစ်ဆင့် ခရီးသွားဝင်ရောက်မှု အခြေအနေများကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်တွင် အခြေခံပညာကျောင်းပေါင်း ၄၇၉ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြု

မောင်တော မေ ၂၅

**၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း ရခိုင်ပြည်နယ်တွင် အခြေခံပညာကျောင်းပေါင်း ၄၇၉ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုလိုက်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။**

အဆိုပါ အဆင့်တိုးမြှင့်ခံရသည့် အခြေခံပညာ ကျောင်းပေါင်း ၄၇၉ ကျောင်းအနက် အခြေခံပညာ အထက်တန်းကျောင်း ၁၇ ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းပေါင်း ၄၀၊ အခြေခံပညာအလယ်တန်းကျောင်း ၁၄၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၁၂၆ ကျောင်း၊ မူလွန် ၇၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၂၉ ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း (ခွဲ) ၅၂ ကျောင်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ အဆင့်တိုးမြှင့်သည့် ကျောင်းများအနက် မောင်တောခရိုင်အတွင်း ဘူးသီးတောင်မြို့နယ်ရှိ အလက (ခွဲ)စည်တောင်နှင့် အလက(ခွဲ) သေကံခွဆုံ ကျောင်းနှစ်ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုထားကြောင်း သိရသည်။

ထို့အတူ ဘူးသီးတောင်မြို့နယ်ရှိ အမက - သိုင်းတပုတ်ကို မူလွန်အဖြစ် လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် အမက(ခွဲ)နဟန်း၊ အမက(ခွဲ) သပြေဆိပ်တို့အား အခြေခံပညာမူလတန်းကျောင်းအဖြစ် လည်းကောင်း၊ ဘူးသီးတောင်မြို့နယ်ရှိ အောက်တရဂူကျောင်း၊ မောင်တောမြို့နယ်အတွင်းရှိ ရွှေဇဟိုလ်တိုင်းရင်းသားကျေးရွာနှင့် ကိုင်းကြီး (မြို့) တိုင်းရင်းသားကျေးရွာတို့တွင် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)များအဖြစ် လည်းကောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုထားကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။



မောင်တောမြို့နယ် ပညာရေးမှူးရုံးကို တွေ့ရစဉ်။

မောင်တောမြို့နယ်ပညာရေးမှူး ဦးခင်အောင်က "အရင်က မောင်တောတစ်မြို့နယ်လုံးမှာ ၁၈၃ ကျောင်းရှိပါတယ်၊ ၁၈၃ ကျောင်းမှာ မနှစ်က အရေးအခင်းဖြစ်နေတော့ ၇၈ ကျောင်းလောက်မဖွင့်နိုင်ဘူး၊ ၁၀၅ ကျောင်းလောက်ပဲဖွင့်နိုင်ခဲ့တယ်၊ ဒီနှစ်မှာတော့ တချို့ရွာတွေမှာလည်း လူတွေပြန်လာကြတော့ နောက်ထပ် ၁၀ ကျောင်းလောက်တော့ တိုးဖွင့်နိုင်မယ်လို့ထင်ပါတယ်၊ ဆရာ ဆရာမ ၁၄၀၀ ကျော်လောက် ရှိပါတယ်၊ အဲဒီထဲမှာ သင်ကြားရေးဝန်ထမ်းကတော့ ၁၂၀၀ ကျော်လောက် ရှိပါတယ်"ဟု ယခုနှစ်ကျောင်းဖွင့်လှစ်နိုင်မည့် အခြေအနေကို ပြောကြားသည်။

မောင်တောမြို့နယ်အတွင်း အခြေခံပညာ ၁၈၃ ကျောင်းအနက် အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၀ ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလွန် ၉၄ ကျောင်း၊ မူလတန်းကျောင်း ၃၉ ကျောင်း၊ အမက(ခွဲ)ကျောင်းပေါင်း ၂၀ ရှိကြောင်း သိရသည်။ ယခင်က မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၄၀၀ ကျော်ရှိကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

**ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ - သီဟစည်သူ**

# ရသေ့တောင်မြို့နယ်၌ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံရေး အောင်ဗလရေချိုချောင်းပိတ်တမံ တည်ဆောက်

စစ်တွေ မေ ၂၅

**ရသေ့တောင်မြို့နယ်ရှိ ဒေသခံပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရသေ့တောင်မြို့နယ် အောင်ဗလကျေးရွာအနီး အောင်ဗလရေချို ချောင်းပိတ်တမံကို တည်ဆောက်နေမှုမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**

"ဒီဆည်က အောင်ဗလရေချိုချောင်းပိတ်တမံ ဖြစ်ပါတယ်၊ ဆည် တည်နေရာက ရသေ့တောင်မြို့နယ် အောင်ဗလကျေးရွာအနီး အင္ဂမော်- မောင်တော ကားလမ်းအရှေ့ဘက် တစ်မိုင်ခန့်အကွာမှာ တည်ရှိပါတယ်၊ ဆည်အမျိုးအစားက ကျောက်စီမြေသားတမံ အမျိုးအစား ဖြစ်ပါတယ်၊ ဒီတမံတည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒေသခံပြည်သူတွေ နွေရာသီ သောက်သုံးရေ ဖူလုံစွာရရှိဖို့နဲ့ နွေရာသီ စိုက်ပျိုးသီးနှံနဲ့ နွေစပါးစိုက်ပျိုးနိုင်ဖို့ ဖြစ်ပါတယ်" ဟု ရသေ့တောင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်အောင်နိုင်က ပြောသည်။



အောင်ဗလရေချို ချောင်းပိတ်တမံသည် ရေဆင်းဧရိယာ ၀ ဒသမ ၅၈၄ စတုရန်းမိုင်ရှိပြီး နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၂၈၈ လက်မနှင့် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၃၃၈ ဒသမ ၆၀ ဂါလန်သန်းရှိကြောင်း သိရသည်။ တမံအလျားမှာ ပေ ၂၈၀၊ တမံ အမြင့်ပေ ၄၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဂါလန်သန်း ၅၀ နှင့် ကန်ရေသေရေလှောင်ပမာဏ ၅ ဒသမ ၁၆ သန်း ဂါလန်ဖြစ်ကြောင်း သိရသည်။

အောင်ဗလကျေးရွာမှ ဒေသခံ ဦးဝင်းတင်က "ကျွန်တော့်မှာ လယ်သုံးဧကရှိပါတယ်၊ မိုးရာသီမှာ စပါးစိုက်ပျိုးလုပ်ကိုင်လို့ရပါတယ်၊ နွေရာသီမှာ ရေမရှိလို့ သောက်သုံးရေတောင် အခက်အခဲရှိပါတယ်၊ ကျွန်တော်တို့ရွာမှာ နွေရာသီဆိုရင် ရေတော်တော်ရှားပါတယ်၊ နွေရာသီကျရင် ရေမရှိတဲ့အတွက် စိုက်ပျိုးရေးအတွက် အဆင်မပြေပါဘူး၊ အခုလိုမျိုး ဆည်တမံရှိလာတဲ့အတွက် နောက်နှစ်တွေမှာ နွေသီးနှံတွေနဲ့ နွေစပါးလည်း စိုက်ပျိုးလို့ ရလာမယ်ထင်ပါတယ်၊ အခု ဆောက်ပေးတဲ့ ဆည်က နွေရာသီသီးနှံတွေ စိုက်ပျိုးလို့ရ လောက်အောင် အဆင်ပြေနိုင်မလား ဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာပါ၊ ရေအလုံအလောက်ရရှိရင်တော့ နွေသီးနှံနဲ့ နွေစပါးစိုက်ပျိုးသွားမှာပါ၊ အခုလို ဆည်တမံတည်ဆောက်ပေးတဲ့အတွက် အောင်ဗလကျေးရွာအပြင် တခြား ဒီဆည်အနီးအနားကကျေးရွာ ကိုးရွာက တောင်သူတွေအတွက် အများကြီး အကျိုးရှိလာမယ်ထင်ပါတယ်" ဟု ပြောသည်။

အောင်ဗလ ရေချိုချောင်းပိတ်တမံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်း ၃၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆည်တမံကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ကာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ယခု ဆည်တမံ တည်ဆောက်ခဲ့သည့်အတွက် ရသေ့တောင်မြို့နယ် အောင်ဗလကျေးရွာအပါအဝင် အနီးအနားရှိ ကျေးရွာကိုးရွာမှ ဒေသခံပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ အလုံအလောက်ရရှိပြီး ကျေးရွာနေပြည်သူများ အကျိုးဖြစ်ထွန်းကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-အောင်အောင်နိုင်**

✳ *ကျောဖုံးမှ*

အထိမ်းအမှတ်လက်ဆောင်အား ပေးအပ် ချီးမြှင့်ခဲ့သည်။ လာမည့် Miss Grand Myanmar 2018 ပြိုင်ပွဲတွင် အလှမယ် ဆုမြတ်ဖူးက မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

Miss Grand International 2017 ပြိုင်ပွဲကြီးသည် Global Beauties မှ ချီးမြှင့်သည့် ဧည့်ဝတ်ကျေပွန်သော အကောင်းဆုံးအိမ်ရှင်နိုင်ငံအဖြစ် Best Host Country ဆု၊ ပြိုင်ပွဲအကြို စခန်းသွင်းလေ့ကျင့်ချိန်များတွင် ပြုလုပ်သည့် လူမှုရေးလှုပ်ရှားမှုများအတွက် Best Pre Pageant Activities ဆု၊ Social Media အား ထိရောက်တွင်ကျယ်စွာ အသုံးပြုနိုင်သည့် Best Use of Social Medial ဆု၊ ပြိုင်ပွဲအဖွင့်တင်ဆက်မှု အတွက် Best Opening Number ဆုနှင့် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ကျင်းပခဲ့သည့် အလှမယ်ပြိုင်ပွဲများအနက် အကောင်းဆုံးအလှမယ်ပြိုင်ပွဲ Pageant of the Year ဆု ငါးဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပြိုင်ပွဲကြီးဖြစ်သည်။

Miss Grand International ပြိုင်ပွဲကြီးကျင်းပသည့် ယှဉ်ပြိုင်မှုအဆင့်များတွင် နောက်ဆုံးဆန်ခါတင် အလှမယ် ၁၀ ဦး၏ စစ်ပွဲနှင့်အကြမ်းဖက်မှုများရပ်တန့်စေရေး ခေါင်းစဉ်ဖြင့် Speech Competition ပါဝင်ပြီး နိုင်ငံအလိုက် အလှမယ်များ၏ မိမိတို့၏ ဆန္ဒ၊ ခံယူချက်၊ အမြင်နှင့် သုံးသပ်ချက်များကို တင်ပြယှဉ်ပြိုင်နိုင်သော အခွင့်အရေးရရှိသည့် ပြိုင်ပွဲကြီးဖြစ်သည်။ Miss Grand International Organization မှ ၂၀၁၈ ခုနှစ်အတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အာရှ နိုင်ငံတစ်နိုင်ငံနှင့် ဆွေးနွေးထားသော်လည်း မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အလှအပများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်များ၊ ပြုပြင်ပြောင်းလဲရန် ဖော်ဆောင်နေသည့် အခြေအနေများနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်း နေမှုများအား ထင်ဟပ်ပြသနိုင်ရန် Hello Madam Media Group Co.,Ltd၏ တင်ပြမှုအပေါ် စိတ်ဝင်စားသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းဖြစ်သည်။

Miss Grand International ပြိုင်ပွဲကြီးကို ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ LAS Vegas မြို့နှင့် ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ Phu Quoc ကမ်းခြေတွင် ခမ်းနားစွာ ကျင်းပခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် Puerto Rrico အလှမယ်၊ ၂၀၁၄ ခုနှစ်တွင် CUBA အလှမယ်၊ ၂၀၁၅ ခုနှစ်တွင် ဩစတြေးလျ အလှမယ်၊ ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားအလှမယ်နှင့် ၂၀၁၇ ခုနှစ်တွင် Peru အလှမယ်တို့က အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော Miss Grand International 2018 ပြိုင်ပွဲကြီး ရန်ကုန်မြို့ The One Entertainment Park Indoor ၌ လာမည့် အောက်တိုဘာ ၅ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ အလှမယ် စုစုပေါင်း ၉၀ ဝန်းကျင် လာရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

၂၀၁၇ ခုနှစ် မြန်မာ့အကောင်းဆုံး အားကစားသမားဆု အမျိုးသား၊ အမျိုးသမီးစာရင်းအတွက် အားကစားအဖွဲ့ချုပ်များမှ ပြန်လည်ပေးပို့အဆိုပြုလာသည့် စာရင်းအား ဖတ်ကြားတင်ပြကာ တက်ရောက်လာသူအဖွဲ့ဝင်များက ဆုချီးမြှင့်သင့်သော အားကစားသမားများကို ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ မြန်မာ့အကောင်းဆုံးအားကစားသမားဆုပေးပွဲနှင့် တစ်ရက်တည်း ကျင်းပမည့် သက်ကြီးအားကစားကလောင်ရှင်ကြီးများအား ကန်တော့ပွဲပြုလုပ်မည့် အခမ်းအနားအား ဆွေးနွေးကြပြီး အထွေထွေအတွင်းရေးမှူး ဦးမြင့်ဦး (ဖေဒီ)က အဖွဲ့ချုပ် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

၂၀၁၇ ခုနှစ် မြန်မာ့အကောင်းဆုံး အားကစားသမားဆုတွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဩဂုတ်လတွင် ကျင်းပခဲ့သော (၅၁)ကြိမ်မြောက် အာရှတံခွန်စိုက် ကာယဗလပြိုင်ပွဲ ၆၀ ကီလိုတန်းတွင် ငွေတစ်ခု၊ အသက် ၄၀ နှင့် ၅၀ နှစ်ကြား မာစတာ ပြိုင်ပွဲတွင် ရွှေတစ်ခု၊ မွန်ဂိုလီးယားနိုင်ငံ၌ အောက်တိုဘာလတွင် ကျင်းပခဲ့သော (၉)ကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက် ကာယဗလ ၆၀ ကီလိုတန်းတွင် ရွှေတစ်ခု ရရှိခဲ့သော ထွန်းထွန်းအောင်၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တစ်ဦးချင်း လေပစ္စတိုသေနတ်ပစ် ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ မမေပိုးဝါး၊ အကောင်းဆုံး အမျိုးသားနည်းပြဆုကို မင်းဇော်ဦး (ကာယဗလ)၊ အကောင်းဆုံးအသင်းလိုက် အထူးဆုကို မြန်မာ့လက်ရွေးစင် ရိုးရာလှေလှော်အသင်း၊ ကမ္ဘာ့ကိုယ်ခံပညာ ပေါင်းစုံပြိုင်ပွဲတွင် ဆုတံဆိပ်နှစ်ခုရရှိခဲ့သော အောင်လအန်ဆန် (တစ်ဦးချင်း အထူးဆု)တို့ကို မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် (မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်)က ဆုများ ရွေးချယ်လိုက်ကြောင်း သိရသည်။



၂၀၁၇ ခုနှစ် မြန်မာ့အကောင်းဆုံး အမျိုးသားအားကစားသမားအဖြစ် ရွေးချယ်ခံရသော ကာယဗလ ထွန်းထွန်းအောင်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော်  မေ  ၂၅**

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံနှင့် မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် Mekong-Institute တို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးကို မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပသည်။

အစည်းအဝေးတွင် မဲခေါင်-ကိုရီးယား ပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေ၊ လာမည့် သြဂုတ်လဆန်းတွင် ကျင်းပမည့် မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွက် ပြင်ဆင်မှုများကိုဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မေ ၂၄ ရက် ညနေပိုင်းတွင် M Gallery Hotel ၌ အိမ်ရှင်မြန်မာနိုင်ငံမှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# အကယ်ဒမီ အနုပညာရှင်များအပြင် ဂီတလောကတွင် အောင်မြင်လျက်ရှိသည့် လူငယ်အဆိုတော်များ ပါဝင်သရုပ်ဆောင်ထားသော “ငါ့ကိုနမ်းတဲ့ မုန်တိုင်း” ရုပ်ရှင်ဇာတ်ကားသစ် ဇွန် ၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသမည်

**ရန်ကုန်  မေ  ၂၅**

ဘိုဘို အင်တာတိတ်မန့် ထုတ်လုပ်ရေးမှ စီစဉ်သည့် “ငါ့ကိုနမ်းတဲ့ မုန်တိုင်း ”ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသခဲ့ပြီး ဇွန် ၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အောင်ဇော်လင်းနှင့် ဝင်းလွင်ထက်တို့ ရိုက်ကူးသည့် “ငါ့ကိုနမ်းတဲ့ မုန်တိုင်း” ရုပ်ရှင်သည် စာရေးဆရာ ညေး၏ “ငါ့ကမ်းရိုးတန်းကို လာနမ်းတဲ့ မုန်တိုင်း” ဝတ္ထုကို ဂီတလောကတွင် အောင်မြင်လျက်ရှိသည့် လွှမ်းပိုင်နှင့် ရဲရင့်အောင်တို့အပြင် အကယ်ဒမီဖွေးဖွေး၊ အကယ်ဒမီ နေအောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ မြတ်ကေသီအောင်တို့က ပါဝင်သရုပ်ဆောင် ရိုက်ကူးထားခြင်းဖြစ်သည်။

ငါ့ကိုနမ်းတဲ့ မုန်တိုင်းဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သည့် ရဲရင့်အောင်က


အကယ်ဒမီ နေအောင်


အကယ်ဒမီ မြတ်ကေသီအောင်


အကယ်ဒမီ ဖွေးဖွေး


ရဲရင့်အောင်


လွှမ်းပိုင်

“စိတ်တွေလှုပ်ရှားပြီး စိတ်နဲ့လူနဲ့တောင် မကပ်ဘူး၊ ဒီကားမှာ ကျွန်တော့်ပုံစံကဆိုးတယ်၊ ပိုက်ဆံရှိတယ်၊ လုပ်ချင်တာလုပ်တယ်၊ တစ်ဇွတ်ထိုးဆန်တယ်ပေါ့၊ ကျွန်တော့်ကိုယ် ကျွန်တော် ကျေနပ်တယ်၊ နောက်လုပ်မယ့်အရာတွေအတွက် အားရတယ်၊ ဒီ့ထက်ပိုပြီး ကျွန်တော်လုပ်ချင်သေးတယ်၊ ကျွန်တော် ကြိုးစားထားတာလေး ရင်ထဲ ရောက်သွားစေချင်ပါတယ်” ဟု ပြောသည်။

အကယ်ဒမီ ဖွေးဖွေးက “ဒီကားက ဂီတလောကမှာ အောင်မြင်ပြီးသားဖြစ်တဲ့ ရဲရင့်အောင်၊ လွှမ်းပိုင်တို့နဲ့ ပထမဆုံးရိုက်ကူးတဲ့ကားမို့ ရင်ခုန်ပါတယ်၊ ဖွေးဖွေးနဲ့ မရိုက်ဖူးတဲ့ သူတွေပေါ့၊ ဒီကားမှာ ကိုယ်လုပ်ပြရတာက ကြားပုံစံလေးပေါ့၊ ကိုယ့်ရည်းစားကို ချစ်နေရက်နဲ့ မတော်တဆ သစ္စာဖောက်မိတဲ့ မိန်းကလေးနေရာက သရုပ်ဆောင်ရတာပါ၊ သရုပ်ဆောင်ရတာက အပြင်းစားကြီးမဟုတ်ပေမယ့် အခြားဇာတ်ကားတွေနဲ့ မတူညီတဲ့ပုံစံမျိုး သရုပ်ဆောင်ထားပါတယ်”ဟု ဆိုသည်။

သရုပ်ဆောင်လွှမ်းပိုင်က “ ဒီကားကိုရိုက်တာ နှစ်နှစ်၊ သုံးနှစ်လောက်ရှိပြီဆိုပေမယ့် ကျွန်တော်တို့ အကောင်းဆုံး သရုပ်ဆောင်ထားပါတယ်၊ ဇွန် ၁ ရက်နေ့မှာ ရုံတင်ပါပြီ၊ အဲ့ဒီအခါကျရင် လာရောက်ကြည့်ရှုပြီးတော့ ကျွန်တော်တို့ကို ဖေ့စ်ဘုတ်ကနေ ဝေဖန်ပေးပါလို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်၊ ကိုယ့်မျက်နှာကို ပိတ်ကားမှာ ကြည့်ရှုရမှာမို့ ရင်ခုန်နေပါတယ်” ဟု ပြောသည်။

ဇာတ်ပို့အဖြစ်ပါဝင်ခဲ့သူ အကယ်ဒမီ နေအောင်က “ငါ့ကိုနမ်းတဲ့ မုန်တိုင်း ဇာတ်ကားမှာ ကိုယ်ပါဝင်တဲ့ အခန်းနည်းပေမယ့် ဖွေးဖွေးဆိုတာလည်း မြေးတွေလို အမျိုးတော်နေတော့ လာတာပါ၊ ဇာတ်ကတော့ ကျွန်တော်ပါတဲ့အခန်းပဲ ဖတ်ထားတော့ သူတို့နဲ့ အပေးအယူပဲ တိုက်ထားတော့ ကြည့်ပြီးမှသိမယ်၊ စီစဉ်သူ ကိုဘိုဆန်းကလည်း ကောင်းတာတွေပဲ စီစဉ်တာမို့ ကောင်းမှာပါ” ဟု ဆိုသည်။

အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အကယ်ဒမီမြတ်ကေသီအောင်က “ဒီကားမှာက အစ်မက အင်ဒိုးအခန်းတွေပဲပါတော့ ရန်ကုန်မှာပဲ ရိုက်တာပါ၊ ဒီကားက လူငယ်တွေကြိုက်မယ့်ဇာတ်ကားဖြစ်မှာပါ၊ အကုန်လုံးက ခုခေတ်ရေပန်းစားနေတဲ့ လူငယ်တွေဆိုတော့ ကြိုက်မှာပါ”ဟု ပြောသည်။

“ငါ့ကိုနမ်းတဲ့ မုန်တိုင်း ” ရုပ်ရှင်ဇာတ်ကား၏ ရည်ရွယ်ချက်မှာ လူတစ်ယောက်၏ အကျင့်စရိုက်နှင့်စိတ်နေသဘောထားတို့သည် ငယ်စဉ်ဘဝဖြတ်သန်းခဲ့ရသည့် ပတ်ဝန်းကျင်နှင့် မိသားစုတို့၏ချေ့ထွေးမှုအပေါ် မူတည်ကာ ပြောင်းလဲစေတတ်ကြောင်း၊ ငယ်စဉ်ဘဝက စိတ်ဒဏ်ရာရရှိခဲ့သော ကလေးသူငယ်များသည် ကြီးပြင်းလာသည့်အခါ အများနှင့်မတူဘဲ လောကကြီးကို မုန်းတီးနာကြည်းသော အစွန်းရောက် အတ္တကြီးသူများ ဖြစ်လာကြောင်း၊ မိန်းကလေးတစ်ယောက်၏ ဘဝ၌ ချစ်သူအိမ်ထောင်ဖက်ကို ရွေးချယ်ရာတွင် အရေးကြီးကြောင်း၊ ဆုံးဖြတ်ချက်မှားလျှင် တစ်သက်စာ ဒုက္ခရောက်တတ်ကြောင်း၊ လူငယ်များသည် စိတ်အလိုလိုက်ကာ မှားယွင်းတတ်ပြီး ထိုမှားယွင်းမှုကို အချိန်မီပြုပြင်ထိန်းသိမ်းရန် လိုအပ်၍ ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဆက်လက်မှားယွင်းပါက ဘဝတစ်ခုလုံး ရေတိမ်နစ်ဆုံးရှုံးတတ်ကြောင်း၊ ယနေ့ခေတ်လူငယ်များ၏ ပတ်ဝန်းကျင်တွင် အရက်၊ မူးယစ်ဆေးဝါးနှင့် လိင်ပိုင်းဆိုင်ရာကိစ္စများကို ဖြားယောင်းနေသော အန္တရာယ်များဝိုင်းနေပြီး ထိုအရာများကြောင့် လူငယ်တို့၏ဘဝများ ပျက်စီးစေနိုင်ကြောင်းတို့ကို သိစေလိုသည့် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ညွှန့်ကိုကို၊ ဓာတ်ပုံ-ရဲထွဋ်**


ငါ့ကိုနမ်းတဲ့မုန်တိုင်း ဇာတ်ကားတွင်ပါဝင်သည့် သရုပ်ဆောင်များက ပရိသတ်များနှင့် တွေ့ဆုံစဉ်။


ငါ့ကိုနမ်းတဲ့မုန်တိုင်း ရုပ်ရှင်ဇာတ်ကားပိုစတာကို တွေ့ရစဉ်။

---

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၁၇ ရက်မှ မေ ၂၃ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၁ | အသာစံခြင်းနှင့်အနာခံခြင်း | မေတ္တာရှင် | ၅၀၀၀ | ရွှေပြည်သာ |
| ၂၂ | လိုတရနှင့်အခြားဝတ္ထုတိုများ | မေတ္တာရှင် | ၂၈၀၀ | ရွှေပြည်သာ |
| ၂၃ | အင်္ဂလိပ်တွေနှုတ်ကျိုးနေတဲ့ဗမာပြည် | ကောင်းသာ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၂၄ | မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏ အဆိုအမိန့်များ | ဗိုလ်ကြီးအုန်းရွှေ | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၅ | ဆာဟာရဲ့ပုံပြင် | နိုင်းနိုင်းစနေ | ၃၀၀၀ | Synergy |
| ၂၆ | နိုင်ငံရေးအမြင် | မောင်သာနိုး | ၄၀၀၀ | နှစ်ကာလများ |
| ၂၇ | အန်နီအုတ်ကလေး | the key collection | ၁၅၀၀ | the key collection |
| ၂၈ | ကမ္ဘာမြေနဲ့ကချေသည်ဝတ္ထုတိုစု | စောနန္ဒီ | ၃၀၀၀ | ဥတ္တရလမင်း |
| ၂၉ | နှစ်ခေတ်တစ်ယောက် | သင့်လူ | ၄၀၀၀ | ငါတို့စာပေ |
| ၃၀ | ဦးဘညာဏ်၏ဘဝနှင့် သူ့လက်ရာ | ဦးမင်းနိုင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၃၁ | တိမ်နီလာ | ခင်ဆွေဦး | ၂၅၀၀ | စွယ်တော်စာပေ |
| ၃၂ | တိုက်ခန်းနှင့်ကွန်ဒိုခန်းများ ရောင်းဝယ်ငှား မမှားစေဖို့ ဥပဒေသိမှတ်ဖွယ်ရာ | ထီယု | ၂၅၀၀ | I myanmar House |
| ၃၃ | အမုန်းလား... ဒီနေ့မရှိဘူး (မဂ္ဂဇင်းဝတ္ထုတိုများစုစည်းမှု) | မင်းဆက်ပိုင် | ၃၅၀၀ | Classic Icon |
| ၃၄ | လူသားအကျိုးပြု ပျားမျိုးစု | ဒေါက်တာခင်မောင်လွင် | ၁၂၀၀၀ | Fame Publishing House |

## ဓာတ်အားလိုင်းကြိုးများ လဲလှယ်မည်ဖြစ်သောကြောင့် ယာယီဓာတ်အား ပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို မေ ၂၉ ရက် (အင်္ဂါနေ့) နှင့် မေ ၃၁ ရက် (ကြာသပတေးနေ့)တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ အဖျောက်၊ ရွှေလင်ပန်း၊ ထန်းတပင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လှိုင်၊ လမ်းမတော်၊ လသာ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်ာန်းကျွန်း၊ ပုဇွန်တောင်၊ ရန်ကင်း ၊ ဗိုလ်တထောင်၊ ရွှေပေါက်ကံ မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်ပါသည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ကမ်းလွန်လုပ်ကွက် A-7 တွင် တွင်းတူးဖော်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မေ ၂၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar)Pte,Ltd သည် ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG 2 " ဖြင့် တွင်းအမည် Dhana Hlaing 1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၇ မိနစ် ၁၁ ဒသမ ၅၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၅၇ ဒသမ ၆၁၁ စက္ကန့်တွင် ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အသိပေးကြေညာ**

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG 2" ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တွင်း တည်နေရာရေိယာမှ ၅၀၀ မီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

### ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲမှု အခြေအနေ




## မြန်မာအမျိုးသမီးအသင်း မန္တလေးမြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစား

**ရန်ကုန် မေ ၂၅**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မန္တလေးမြို့၌ ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ ညနေပိုင်းက ဗထူးကွင်း၌ Lucky Home အကယ်ဒမီအမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မေ ၂၃ ရက်မှစ၍ မန္တလေးမြို့၌ လေ့ကျင့်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲကစားရာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းတွင် အမာခံကစားသမားများကို အသုံးပြုကာ ကျန်အပိုင်းများတွင် ကစားသမားအားလုံး လဲလှယ်အသုံးပြုခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက်ဂိုးများကို ဝင်းသီ်ဂီထွန်းနှင့် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် မေ ၂၇ ရက်တွင် Unity လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

## မြန်မာအသင်းနှင့် တရုတ်အသင်း ယနေ့ကစားမည်

**ရန်ကုန် မေ ၂၅**

မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်း၏ ခြေစမ်းပွဲကို မေ ၂၆ ရက် (**ယနေ့**) မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၅ မိနစ်တွင် နန်ကျင်းမြို့၌ ကျင်းပမည်ဖြစ်သည်။


မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေး

မြန်မာ့လက်ရွေးစင်အသင်း အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက် ယှဉ်ပြိုင်ခြင်း၊ ကမ္ဘာ့ဘောလုံး အသိုင်းအဝိုင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားနိုင်ခဲ့ခြင်းတို့ကြောင့် အာရှဘောလုံး အင်အားကြီး တရုတ်အသင်းနှင့် ခြေစမ်းပွဲကစားခွင့်ရလာခြင်းဖြစ်သည်။ အာရှဘောလုံး အင်အားကြီးအသင်းများ၊ ဥရောပ၊ တောင်အမေရိကအသင်းတို့နှင့် ခြေစမ်းပွဲကစားနေသည့် တရုတ်လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် မြန်မာအသင်းနှင့် ခြေစမ်းပွဲကစားရန် ကမ်းလှမ်းလာခြင်းမှာ လွန်စွာအကျိုးရှိသလို အတွေ့အကြုံကောင်းများစွာ ရရှိမည့်ပွဲလည်းဖြစ်သည်။ တရုတ်လက်ရွေးစင်အသင်းကို နာမည်ကျော်နည်းပြ အီတလီလူမျိုး မာဆယ်လိုလစ်ပီက ကိုင်တွယ်နေပြီး ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီအသင်းကို ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြလည်းဖြစ်သည်။ တရုတ်လက်ရွေးစင်အသင်းသည် မြန်မာအသင်းနှင့် ခြေစမ်းပြီးပါက ထိုင်းလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ ယခုခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် အန်တွမ်နီဟေးအတွက် ပထမဆုံးပွဲဖြစ်ပြီး ကစားသမားအပြောင်းအလဲ၊ အသင်းခေါင်းဆောင်အပြောင်းအလဲအပါအဝင် နည်းပြသစ်လက်ထက်တွင် မြန်မာအသင်း ဘယ်လိုပုံစံဖြင့် ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်အသင်းနှင့် ခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဝါရင့်ကစားသမားအနည်းငယ်ကို အမာခံထားကာ လူငယ်ကစားသမား အများစုပါဝင်လာသည်။ ထို့ပြင် မျက်နှာသစ်ကစားသမားအချို့ကိုလည်း ရွေးချယ်ထားသော်လည်း အဓိကတိုက်စစ်မှူး အောင်သူမှာမူ ထိုင်းလိဂ်ပြိုင်ပွဲနှင့် တိုက်ဆိုင်နေသောကြောင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်လက်ရွေးစင်အသင်းနှင့် ၂၀၀၇ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ခြေစမ်းပွဲအဖြစ် ၂၀၀၄ ခုနှစ်က နောက်ဆုံးကစားခဲ့ဖူးကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲဆက် ကစားခြင်းဖြစ်ပြီး မေ ၁၁ ရက်က မန္တလေးမြို့၌ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် လိဒ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## ရွှေ့ဆိုင်းပွဲများကြောင့် MNL ပွဲစဉ် ၁၃ တွင် နှစ်ပွဲသာကျင်းပမည်

**ရန်ကုန် မေ ၂၅**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၃ ကို ယခုတစ်ပတ်ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရွှေ့ဆိုင်းထားသည့်ပွဲများရှိသောကြောင့် နှစ်ပွဲသာ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် မေ ၂၆ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သောကြောင့် လက်ရွေးစင်ကစားသမားများပါဝင်သည့် အသင်းများ၏ ပွဲများ ရွှေ့ဆိုင်းထားပြီး ကျန်လေးသင်း၏ ပွဲများကိုသာ ကျင်းပခြင်းဖြစ်သည်။


အဝေးကွင်း ပွဲကျပ် ကစားရမည့် စစ်ကိုင်းအသင်း

ပွဲစဉ် ၁၃ အဖြစ် မေ ၂၆ ရက် (**ယနေ့**)တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် Southern အသင်း၊ ဝေဿလီကွင်း၌ ရခိုင်အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းအသင်းများအနက် GFA အသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်နေပြီး ရခိုင်အသင်းမှလွဲ၍ ကျန်အသင်းများမှာလည်း တန်းဆင်းဇုန်မှ အသင်းများနှင့် အမှတ်ကွာဟမှုမရှိသောကြောင့် အမှတ်ပြည့်ရရေး ရုန်းကန်ကြမည်ဖြစ်ရာ ပွဲကောင်းများ ဖြစ်လာနိုင်သည်။ ပွဲစဉ် ၁၂ အပြီးတွင် ရခိုင်အသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၁ မှတ်၊ GFA အသင်းက ကိုးမှတ်ရထားသည်။ ရွှေ့ဆိုင်းထားသည့် ရန်ကုန်နှင့် ဟံသာဝတီ၊ ရောဝတီနှင့် ရတနာပုံ၊ မကွေးနှင့် မြဝတီ၊ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့ပွဲများကို ဇူလိုင် ၂၁၊ ၂၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲများကို ဇူလိုင်တတိယပတ်အထိ ဆက်တိုက်ကျင်းပမည်ဖြစ်ပြီး ကြားရက်များတွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး ထွက်ပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားသည်။ **သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**



## ချန်ပီယံလိဂ်ဖလား သယ်ဆောင်သွားမှာက မက်ဒရစ်ကိုလား၊ လီဗာပူးကိုလား . . . .

၂၀၁၇-၂၀၁၈ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဖိုလ်လုပွဲကြီးတွင် စပိန်ထိပ်သီးကလပ် ရီးရဲမက်ဒရစ်နှင့် အင်္ဂလန်ကလပ် လီဗာပူးအသင်းတို့ မေ ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်းတွင် ရီးရဲမက်ဒရစ်အသင်းသည် အတွေ့အကြုံရင့် အသင်းကြီးဖြစ်၍ နှစ်နှစ်ဆက်တိုက် လက်ရှိချန်ပီယံဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကို ၁၂ ကြိမ်ဖြင့် အများဆုံးရရှိထားသည့် အသင်းဖြစ်သည်။ ယခုနှစ်ရာသီတွင် ဖလားလက်မဲ့ဖြစ်နေသည့် ရီးရဲအသင်းအတွက် ဖိအားများနှင့်ရင်ဆိုင်နေရသည့် နည်းပြဇီဒန်းက ချန်ပီယံလိဂ် ဖလားထပ်မံရယူပေးခဲ့လျှင် အသင်းနှင့်အတူ စံချိန်သစ်များ တင်နိုင်မည်ဖြစ်သည်။

အင်္ဂလန်ကလပ်လီဗာပူးသည် ချန်ပီယံလိဂ်ဖလားကို ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာတို့နှင့်အတူ ငါးကြိမ်ရရှိထားသော်လည်း ဖိုလ်လုပွဲကြီးကို ၁၁ နှစ်အကြာမှ ပြန်လည်ရောက်ရှိခြင်းဖြစ်သည်။ ဖလားနောက်ဆုံးရခဲ့သည့် ၂၀၀၅ ခုနှစ်အပြီး တစ်နှစ်အကျော် ၂၀၀၇ ခုနှစ်တွင် နောက်ဆုံးဖိုလ်လုပွဲတက်ရောက်ခဲ့ပြီး အေစီမီလန်အသင်းနှင့် တွေ့ဆုံကာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ နည်းပြ ဂျာဂျင်ကလော့ပ်၏ လီဗာပူးအသင်းသည် ယခုနှစ်ရာသီတွင်လည်း ဖလားတစ်လုံးမျှ မပိုင်ဆိုင်ရသေးပေ။

ယင်းနှစ်သင်းသည် တိုက်စစ်အသားပေး နှစ်သင်းဖြစ်၍ ချန်ပီယံလိဂ်ဖိုလ်လုပွဲသည် အပြန်အလှန်သွင်းဂိုးများ မြင်တွေ့ရနိုင်ဖွယ်ရှိပြီး ပရိသတ်အကြိုက်ဆွဲဆောင်နိုင်မည့် ပွဲဖြစ်သည်။ ၂၀၁၇-၂၀၁၈ ချန်ပီယံလိဂ်ဖိုလ်လုပွဲကြီးကို ယူကရိန်းနိုင်ငံ ကီယက်မြို့တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကွင်းလယ်ဒိုင်အဖြစ် ဆားဘီးယားနိုင်ငံသား မီလိုရတ်မာဇီက တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ စံချိန်သစ်ထပ်မံ တင်နိုင်ရန် ရုန်းကန်မည့် ရီးရဲနှင့် ၁၃ နှစ်အကြာ ချန်ပီယံလိဂ်ဖလားငတ်မွတ်နေသည့် လီဗာပူးတို့ အားပြိုင်မှုမှာ ပြင်းထန်မည်ဖြစ်ပြီး ဥရောပ၏ အမြင့်ဆုံးဖလားကြီး ရယူသွားမှာက မက်ဒရစ်လား၊ လီဗာပူးလား ဘယ်မြေတွင် ပျော်မွေ့မလဲ စောင့်မျှော်ကြည့်ရှုရမည့် ပွဲကောင်းတစ်ပွဲဖြစ်ပေသည်။ **သီဟ**

# တာချီလိတ်၌ ငွေကျပ်သိန်းပေါင်း ၁၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

တာချီလိတ် မေ ၂၅

**ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထန်ရပ်ကွက် ရွှေယုန်ရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချသုံးစွဲသူ နေအိမ်အတွင်းမှ ငွေကျပ်သိန်းပေါင်း ၁၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၆၅ ပြားကို မေ ၂၅ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိကြောင်း မူးယစ်တပ်ဖွဲ့စုမှ သိရသည်။**

မေ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ရွှေယုန်ရွာ အိမ်အမှတ် ၁၄/၁၆၂ ရှိ အားလွန်(အမျိုးသား)၏ နေအိမ်နှင့် ခြံဝင်းကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်အတွင်း တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ဆိုင်ကယ်ဘက်ထရီ စက္ကူဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ ပြားကို လည်းကောင်း၊ အနက်ရောင်စက္ကူဘူး အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၇ ပြားအား လည်းကောင်း၊ ဆေးရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပိုက်ဆံအိတ်အတွင်းမှ မူးယစ်ဆေးဝါး ရောင်းချရငွေဟု ယူဆရသော ထိုင်းဘတ်ငွေ ရောရာ ၂၅၃၀ ဘတ်နှင့် လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ နေအိမ်ခြံဝင်းအတွင်းရှိ မန်ကျည်းပင်ပေါ်မှ အနီရောင်ကြွပ်ကြွပ်အိတ်ဖြင့် ချိတ်ဆွဲလျက် တစ်အိတ်လျှင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၀ ထုပ်စည်း ငါးစည်းပေါင်း ၁၀၀၀၀ ပြားကို လည်းကောင်း စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၆၅ ပြား (ဒေသတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၀၁ ဒသမ ၆၅ သိန်းခန့်)ကို တွေ့ရှိသိမ်းဆည်းရမိသည်။



အားလွန်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသည့် အားလွန် (၃၂ နှစ်)အား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် မေ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၈ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၈ စီး၊ သွင်းကုန် ၂၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၈၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၇၆၇ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၆၃၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် မေ ၂၄ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Canter မော်တော်ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ZEC HD EVD အလုံး ၉၀၊ DVB T3 Tenestrial အလုံး ၃၀၀၊ TATABP Solar အလုံး ၄၇၀၊ Treasure Light ၇၅၄ လုံးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၀၇ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၆-၅-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၅၂)**
- ၉း၁၅ - **News Watch TV**
- ၁၁း၂၀ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး **လက်တွေ့အသုံးချဆေးနည်းတိုများ**(အပိုင်း-၂၅)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ**(အပိုင်း-၂၅)
- ၁၅း၄၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **မတစ်ထောင် တစ်ကောင်ဘွား** (ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ထွန်းလွင်အောင်) (ဒါရိုက်တာ-ခင်စောမျိုး)

**ညပိုင်း**

- ၁၆း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **မေတ္တာထားတာအဟုတ်ကိုပဲ** (လူမင်း၊ ဖြိုးငွေစိုး၊ အောင်မင်းခန့်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ ဝင့်ယမုံလှိုင်) (ဒါရိုက်တာ-ထွန်းဇော်အောင်)
- ၁၇း၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၇း၂၀ - NHK Programme (သရုပ်ဖော်ပုံအသုံးပြုခြင်း)
- ၁၈း၃၀ - Tasty Trip
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း-၉၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - Big Step (Singer-May Ye Aung)
- - ဂီတသမား၊ ဂီတစကား **မင်းဆဒ္ဒန်ရဲ့ထူးတဲ့အချစ်**
- - **အတ္တနိဂုံး** (ရာဇာရောင်နီ၊ ချမ်းမြေ့ဟိန်း၊ ချောသီရိရတနာကို၊ သဇင်) (ဒါရိုက်တာ-ဝဿန်မျိုး)

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး နှစ်ဖက်ရှေ့နေများ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထား ကြားနာ

ရန်ကုန် မေ ၂၅

**ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ နှစ်ဖက်ရှေ့နေများ၏ ရာဇဝတ်ပြင်ဆင်မှုကို ယနေ့ နံနက် ၁၀ နာရီမှစ၍ ရုံးချိန်ကုန်ဆုံးချိန်ထိတိုင် ပထမပိုင်း၊ ဒုတိယပိုင်း နှစ်ချိန်ခွဲကာ တိုင်းတရားသူကြီး ဦးအောင်နိုင် တရားခွင်-၇ ၌ နေ့ချင်းပြီး အပြီးသတ် ကြားနာခဲ့ကြောင်း သိရသည်။**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီလုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက သေနတ်သမား ကြည်လင်း(ခ) ဖိုးထူး ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ခ)/၃၄ ပုဒ်မ ၃၀၂(၂)အရ လည်းကောင်း၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အချုပ်လွတ်အာမခံရှိထားသူ အောင်ဝင်းထွန်းအား ရာဇသတ်ကြီး ပုဒ်မ ၂၁၂ အရ လည်းကောင်း စွဲချက်တင်သည့် အမိန့်နှင့် ကြည်လင်း(ခ)ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်တို့အပေါ် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ စွဲချက်တင်သည့်အမိန့်တို့အား နှစ်ဖက်ရှေ့နေများ၏ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားသည့် ပြင်ဆင်မှုရှစ်မှုအား တိုင်းဒေသကြီးတရားလွှတ်တော်၌ ကြားနာခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တရားလွှတ်တော် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ တိုင်းတရားလွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့ရီ က "ယနေ့ ရာဇဝတ်ပြင်ဆင်မှု ရှစ်မှု ကြားနာတယ်၊ အဲဒီမှာ အမှုအမှတ် ၁၄၃(ခ)/၂၀၁၈ အယူခံ တရားလိုလျှောက်ထားသူ ဒေါ်တင်အေး၊ အယူခံတရားလိုရှေ့နေအဖြစ် လျှောက်ထားသူ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဌေးကလည်းကောင်း၊ အမှုအမှတ် ၅၇(ခ)၂၀၁၈ အယူခံတရားလိုလျှောက်ထားသူ ဒေါ်စုသက်ခိုင်၊ အယူခံတရားလိုရှေ့နေအဖြစ် လျှောက်ထားသူ တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင် က လည်းကောင်း၊ အမှုအမှတ် ၆၁(ခ)/၂၀၁၈ နှင့် အမှု အမှတ် ၆၅(ခ)/၂၀၁၈ တို့အား အယူခံတရားလို လျှောက်ထားသူ ကြည်လင်း(ခ)ဖိုးထူး၊ အမှုအမှတ် ၆၂(ခ)/၂၀၁၈ နှင့် အမှုအမှတ် ၆၄(ခ)/၂၀၁၈ အယူခံတရားလိုလျှောက်ထားသူ အောင်ဝင်းဇော်၊ အမှုအမှတ် ၅၄(ခ)/၂၀၁၈ အယူခံတရားလိုလျှောက်ထားသူ ဇေယျာဖြိုး၊ အမှုအမှတ် ၆၃(ခ)/၂၀၁၈ အယူခံတရားလိုလျှောက်ထားသူ အောင်ဝင်းထွန်းတို့ရဲ့အယူခံတရားလိုရှေ့နေအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်နဲ့ တရားလွှတ်တော်ရှေ့နေ ဒေါ်ပပဝင်းတို့က လည်းကောင်း၊ နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်တဲ့ အမှုလိုက်ဥပဒေအရာရှိကလည်းကောင်း တရားခွင်မှာ လာရောက်ပြီး အပြန်အလှန် လျှောက်တင်ထားချက်တွေကို ကြားနာတာပါ၊ အမိန့်ချမယ့်ရက်ကို မကြေညာမီ သုံးရက်အလို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားစီရင်ရေးဌာနခွဲ ဝက်ဘ်ဆိုက်နဲ့ ကြော်ငြာသင်ပုန်းမှာ ကြော်ငြာပေးထားမှာပါ"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖားကန့်တွင် ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိ

**ဖားကန့် မေ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် နန့်တိန်းကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိခဲ့သည်။

မေ ၂၂ ရက် နံနက် ၂ နာရီခန့်က ဖားကန့်မြို့နယ် နန့်တိန်းစစ်ဆေးရေးဂိတ်တွင် နယ်မြေခံတပ်နှင့် ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးရေး တာဝန်ဆောင်ရွက်နေစဉ် ဖားကန့်မှ မြစ်ကြီးနား ဘက်သို့ ယာဉ်မောင်း ကိုကိုသန့်(၃၄ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 6M/------SKAT ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်၏ဝဲ၊ ယာဘက် ဘေးဘောင်နှင့် ကြမ်းခင်းကြား၌ အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တိပ်အဝါရောင်ဖြင့် ပတ်လျက် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံ ကျောက်စိမ်းအရိုင်းတုံး ၆၃၄ တုံး စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၀၀၀ ခန့်အားရှာဖွေတွေ့ရှိသဖြင့် ယာဉ်မောင်း ကိုကိုသန့်နှင့် သက်သေခံပစ္စည်းများအား ဥပဒေအရ အရေးယူပေးရန် ကာမိုင်းနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**




# မူဆယ်-မန္တလေးလမ်းပိုင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၉၀၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၅**

တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက်က သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း၌ ကော်စူးဝေ(ခ)ကြာဝင်း မောင်းနှင်ပြီး လီဖူးလွင်(ခ)ဖူးလင် လိုက်ပါသည့် ကရောင်းယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၉၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သပိတ်ကျင်းမြို့နယ် သနပ်ခါးချောင်းဖျားတွင် မုဆိုးများသတ်ဖြတ်ထားသည့် တောင်ဆင်ရိုင်းအသေတစ်ကောင် တွေ့ရှိ

**သပိတ်ကျင်း မေ ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် သနပ်ခါးချောင်းဖျားအနီးတွင် မေ ၂၃ ရက်က မုဆိုးများ သတ်ဖြတ်ထားသည့် တောဆင်ရိုင်းအသေတစ်ကောင် တွေ့ရှိကြောင်း သတင်းပေးတိုင်ကြားချက်အရ တောဆင်ရိုင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးစခန်း (အုံးပိုင်)မှ ဒုရဲအုပ်ဆန်းဦးနှင့် ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် ကျောက်ကြီးကျေးရွာ မြောက်ဘက်လေးမိုင်ခန့်အကွာ အုံးပိုင်ကျေးရွာ၏ အရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ သနပ်ခါးချောင်းဖျားအနီးတွင် တောဆင်ရိုင်းအသေတစ်ကောင် တွေ့ရှိကြောင်း အုံးပိုင်ကျေးရွာနေ တောင်သူ ဦးဖိုးကျော်၏ သတင်းပေးတိုင်ကြားချက်အရ သပိတ်ကျင်းမြို့နယ် တောဆင်ရိုင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အခြေစိုက်စခန်း(အုံးပိုင်)မှ ဒုတိယရဲအုပ် ဆန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ဦးစီးဌာန(ရွှေဥဒေါင်းဘေးမဲ့တော)မှ ဦးအောင်မင်း(တောအုပ်) နှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးမင်းမင်းထွန်းနှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် အုံးပိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးရာ အမြင့်ကိုးပေရှိ နှာမောင်းဖြတ်ထားပြီး အရေခွံခွာထားသည့် ဆင်အထီး အသေတစ်ကောင်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။



ယင်းနောက် အဖွဲ့ဝင်များသည် ပတ်ဝန်းကျင်ကို ဆက်လက် စစ်ဆေးရှာဖွေရာ မုဆိုးလေးဦးအား တွေ့ရှိခဲ့ပြီး ၎င်းတို့၏ လက်ထဲတွင် တူမီးသေနတ် ကိုင်ဆောင်ထားသည်ကို တွေ့ရှိရသဖြင့် ဒုရဲအုပ်ဆန်းဦးနှင့်အဖွဲ့က သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ရာ ၎င်းတို့မှာ ထွက်ပြေးလွတ်မြောက်သွားပြီး ၎င်းတို့အသုံးပြုသည့် တူမီးသေနတ် တစ်လက်၊ မြားနှစ်ချောင်း၊ ရဲဒင်း တစ်လက်နှင့် အဆိပ်ထည့်ထားသည့် ပင်နီဆီလင်ခြောက်ပုလင်း၊ ယမ်း ၂၅ ကျပ်သားတို့ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ တောဆင်ရိုင်းတစ်ကောင်အား သတ်ဖြတ်သွားသည့် ဆင်သတ်မုဆိုးများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အမှုဖွင့် တိုင်ကြားထားပြီး ပြစ်မှုကျူးလွန်သူများ အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ပျက်ကျလေယာဉ်၏ ဒုတိယမြောက်သေတ္တာနက်ကို ကျူးဘားအာဏာပိုင်များရှာဖွေတွေ့ရှိ



**ဟာဗားနား မေ ၂၅**
ကျူးဘားအာဏာပိုင်များသည် မေ ၁၈ ရက်တွင် ဟာဗားနားနိုင်ငံတကာ လေဆိပ်အနီး၌ ပျက်ကျခဲ့သည့် ဘိုးအင်း ၇၃၇-၂၀၀ လေယာဉ်၏ အချက်အလက်များပါဝင်သည့် ဒုတိယမြောက်သေတ္တာနက် (Black box) ကို ရှာတွေ့ခဲ့ကြောင်း ပြည်တွင်းလေ ကြောင်းအာဏာပိုင်များက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ကျူးဘားလေကြောင်းသွားလာမှုနှင့် လေကြောင်း သိပ္ပံအဖွဲ့ဥက္ကဋ္ဌ အာမန်ဒိုဒယ်နီရယ်လ်လိုပက်ဇ်က သေတ္တာနက်ကို လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီး တစ်ပတ်အကြာတွင် ပျက်ကျမှုဖြစ်ပွားခဲ့သည့်ဧရိယာ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ပထမသေတ္တာနက်ဖြစ်သည့် အသံဖမ်းကိရိယာကို ရက်အနည်းငယ်အကြာက တွေ့ရှိခဲ့သည်။ အာဏာပိုင်များ၏ ပြောပြချက်အရ အမေရိကန်နှင့် မက္ကဆီကန် ကျွမ်းကျင်ပညာရှင်တို့က စုံစမ်းစစ်ဆေးမှုကို အကူအညီပေးရန် လုပ်ဆောင်လျက်ရှိပြီး အချက်အလက်များအား မှတ်တမ်းတင်သည့် ကိရိယာကို အတည်ပြုနိုင်ရန် အကူအညီပေးခဲ့ကြောင်း သိရသည်။

ခရီးသည်တင်လေယာဉ်ကို မက္ကဆီကန်ကုမ္ပဏီဖြစ်သည့် ဒါမို့ဂျ်ကပိုင်ဆိုင်ပြီး ယင်းလေယာဉ်ကို ကျူးဘားရှိ ကျူဘာနာဒီ အဗီယာစီယွန် လေကြောင်းလိုင်းများသို့ အငှားချခဲ့သည်။

လေယာဉ်သည် ခရီးသည် ၁၁၃ ဦးကို တင်ဆောင်လာခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျမှုဖြစ်ပွားချိန်တွင် ခရီးသည် ၁၁၁ ဦး သေဆုံးခဲ့သည်။

လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးနေသည့် အစိုးရကော်မရှင်ကိုဦးဆောင်နေသူ လိုပက်ဇ်က လေယာဉ်၏အဓိကကျသည့် အစိတ်အပိုင်းများကို စုစည်းကာ စုံစမ်းစစ်ဆေးရန်အတွက် လုံခြုံဘေးကင်းရာသို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ တိကျသည့်အဖြေတစ်ခုကို ပေးနိုင်ရန် အချိန်များများ လိုအပ်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## မလေးရှားဝန်ကြီးချုပ်ဟောင်းနှင့် ဆက်စပ်သော တိုက်ခန်းများမှ အမေရိကန်ဒေါ်လာ သန်း ၃၀ နီးပါး သိမ်းဆည်းရမိ

**ကွာလာလမ်ပူ မေ ၂၅**
မလေးရှားနိုင်ငံရဲတပ်ဖွဲ့က အကျင့်ပျက်ခြစားမှုဖြင့် နာမည်ကြီးနေသည့် တာဝန်မှ အနားယူသွားသော မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်၏ နိုင်ငံတော်ရန်ပုံငွေကိစ္စအား ဆက်လက်စစ်ဆေးနေစဉ် ကွာလာလမ်ပူရှိ ဇိမ်ခံတိုက်ခန်း အပါအဝင် ၎င်းနှင့် ဆက်စပ်သော တိုက်ခန်းများမှ ငွေကြေးအမျိုးမျိုး ပါဝင်သော ငွေသားပမာဏ မလေးရှားရင်းဂစ် ၁၁၄ သန်း အမေရိကန်ဒေါ်လာ သန်း ၂၈ ဒသမ ၆ သန်းအား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့က မေ ၂၅ရက်တွင် နောက်ဆုံးအတည်ပြုပြောကြားခဲ့သည်။

သိမ်းဆည်းရမိခဲ့သော အထုပ် ၇၂ ထုပ်အနက် ၃၅ ထုပ်တွင် ငွေသားများအား ထည့်သွင်းထားပြီး ငွေကြေးအမျိုးအစား ၂၆ မျိုး ပါဝင်ကာ ယင်းငွေများအား ရေတွက်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် ဗဟိုဘဏ်မှ အရာရှိ ၂၃ ဦးကို ခေါ်ယူခဲ့ရကြောင်း စီးပွားရေးဆိုင်ရာ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးရဲဌာန၏ ညွှန်ကြားရေးမှူး အန်မာဆင်းဂ်က သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

ရဲတပ်ဖွဲ့သည် နိုင်ငံတော်ရန်ပုံငွေကိစ္စနှင့် ပတ်သက်ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်က နာဂျစ်နှင့် ဆက်စပ်နေသည့် ပိုင်ဆိုင်မှုများစွာကို စီးနင်းရှာဖွေခဲ့ပြီး ငွေကြေးနှင့် ဇိမ်ခံပစ္စည်းအများစုကို ကွန်ဒိုတိုက်ခန်း သုံးခန်းမှ သိမ်းဆည်းရမိခဲ့ကြောင်း ယင်းတို့အနက် နှစ်ခုကို နာဂျစ်၏သားနှင့် သမီးတို့က အသီးသီးပိုင်ဆိုင်ကြောင်း သိရသည်။

တတိယမြောက်ကွန်ဒိုကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေရာတွင် ပစ္စည်းတစ်စုံတစ်ရာကို မတွေ့ရှိရသော်လည်း ယင်းတိုက်ခန်း၏ ပိုင်ရှင်အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။ နာဂျစ်ပါတီသည် နှစ်ပေါင်း ၆၀ ကြာ အုပ်စိုးခဲ့ပြီးနောက် မဟာ သီယာ မိုဟာမက်ကို မဲရှုံးနိမ့်ပြီး ပထမဆုံး အကြိမ်ရာထူးမှ အနားယူခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးမှု အမေရိကန်ဖျက်သိမ်းခြင်းအပေါ် မြောက်ကိုရီးယားတုံ့ပြန်

**ပြုံယမ်း မေ ၂၅**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယား ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးမှုအား ဖျက်သိမ်းကြောင်း ကြေညာချက်အပေါ် မြောက်ကိုရီးယားနိုင်ငံက မေ ၂၅ ရက်တွင် တုံ့ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်မှာ နိုင်ငံတကာအသိုင်းအဝိုင်းက ကိုရီးယားကျွန်းဆွယ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအပေါ် ထားရှိသည့် မျှော်လင့်ချက်နှင့်ကိုက်ညီမှုမရှိကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မည်သည့်အချိန်၊ မည်သည့်ပုံစံမျိုးမဆို အမေရိကန်နှင့် အတူတကွ ပြဿနာကို ဖြေရှင်းသွားလိုကြောင်း ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာန၏ ဖော်ပြချက်တွင် မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်မ်ကီးဂွမ်က မြောက်ကိုရီးယားနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ အမေရိကန်နိုင်ငံအကြား မယုံကြည်မှုနှင့် ရန်လိုမှုတို့ကို ရပ်တန့်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်မှုများလုပ်ဆောင်ခဲ့ရာ နိုင်ငံတကာ၏ ထောက်ခံမှုရရှိခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ မြောက်ကိုရီးယားနိုင်ငံသို့ ပေးပို့ခဲ့သည့် ပေးစာတွင် ရေးသားဖော်ပြချက်များမှာ မြောက်ကိုရီးယားနိုင်ငံအား တစ်ဖက်သတ်နျူကလီးယား စွန့်လွှတ်ရန် ဖိအားပေးဆောင်ရွက်မှုသာ ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ နှစ်နိုင်ငံဆက်ဆံရေးမှာ လွန်စွာဆိုးရွားလျက်ရှိပြီး နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စေရန် နှစ်နိုင်ငံခေါင်းဆောင်တွေ့ဆုံမှုကို ဖြစ်မြောက်ရန် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့သည်။

ထို့အပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်နယ်ထရန့်မှ ခေတ်အဆက်ဆက်အမေရိကန်သမ္မတတို့မှ မဆောင်ရွက်နိုင်ခဲ့သည့် ဆောင်ရွက်မှုတို့ကို ပြုလုပ်နိုင်မည်ဟု ယုံကြည်ခဲ့သော်လည်း ဒေါ်နယ်ထရန့်၏ ရုတ်တရက် တွေ့ဆုံမှုကို ဖျက်သိမ်းခဲ့ခြင်းအပေါ် လွန်စွာအံ့သြမိကြောင်း ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကိုရီးယားကျွန်းဆွယ်အရေးနှင့် ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးအပေါ် ကြိုးပမ်းဆောင်ရွက်မည့် ရည်ရွယ်ချက်မှာ ပြောင်းလဲသွားမည်မဟုတ်ဘဲ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တံခါးဖွင့်ပေးထားသည့် သဘောထားရပ်တည်မှုဖြင့် အမေရိကန်နိုင်ငံအား အချိန်နှင့် အခွင့်အရေးကို ပေးလိုကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့်လည်း အစီအစဉ်တကျ တစ်ဆင့်ခြင်း ဆွေးနွေးခြင်းများဆောင်ရွက်ကာ ကိစ္စရပ်များကို ဖြေရှင်းသွားလိုကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# ပြင်သစ်သူလျှိုဟောင်းနှစ်ဦးကို လျှို့ဝှက်အချက်အလက်များပေါက်ကြားမှုဖြင့် တရားစွဲ

**ပါရီ မေ ၂၅**
ပြင်သစ်သူလျှိုဟောင်းနှစ်ဦးကို လျှို့ဝှက်အချက်အလက်များ တခြားနိုင်ငံသို့ လက်ဆင့်ကမ်းမှုဖြင့် တရားစွဲဆိုထားကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၂၅ ရက်က ဖော်ပြခဲ့သည်။




ကာကွယ်ရေးဝန်ကြီး ဖလောရန့်ပါလေးက ထောက်လှမ်းရေး ကိုယ်စားလှယ်များကို မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသတ်မှတ်နိုင်လိမ့်မည် မဟုတ်ကြောင်း မေ ၂၅ ရက်က ပြောခဲ့သည်။

ဌာနရှိ စပိုင်ကိုယ်စားလှယ်နှစ်ဦးအနက် တစ်ဦး၏ ဇနီးသည် တစ်ဦးကိုလည်း ပြင်းထန်သည့်အမှုဖြင့် စွပ်စွဲထားကြောင်း၊ ယင်းအမှုမှာ နိုင်ငံတော် သစ္စာဖောက်မှုဖြစ်ကြောင်း ပါလေးက သတင်းဌာနတစ်ခုသို့ ပြောခဲ့သည်။

ပြင်သစ်နိုင်ငံအနေဖြင့် ၎င်း၏ မိတ်ဖက်များရှိသော်လည်း အန္တရာယ်ရှိသည့် ကမ္ဘာကြီးတွင် နေထိုင်နေရကြောင်း၊ စိတ်မကောင်းစွာဖြင့် ယခုလို ကိစ္စမျိုးဖြစ်လာကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပြင်သစ် သတင်းမီဒီယာများ၏ ဖော်ပြချက်များအရ နိုင်ငံတော်လျှို့ဝှက် သတင်းပေါက်ကြားမှုတွင် တရုတ်နိုင်ငံအပေါ် သံသယမကင်းကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## ကနေဒါ စားသောက်ဆိုင်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားပြီး ၁၅ ဦး ဒဏ်ရာရ

**တိုရွန်တို မေ ၂၅**
ကနေဒါနိုင်ငံ တိုရွန်တိုမြို့အနီးရှိ စားသောက်ဆိုင်တစ်ခုတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၅ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သုံးဦးမှာ စိုးရိမ်ဖွယ်အခြေအနေဖြစ်ကြောင်း ကနေဒါသတင်းမီဒီယာက ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုသည် တိုရွန်တိုမြို့အနီးရှိ မစ်စီဆော်ဂါမြို့အတွင်း၌ ကြာသပတေးနေ့ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တွင် အမျိုးသားနှစ်ဦး အခင်းဖြစ်ပွားရာမှ ချက်ချင်းထွက်ခွာသွားခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောသည်။ ယင်းအမျိုးသားနှစ်ဦးသည် စားသောက်ဆိုင်အတွင်း၌ ပေါက်ကွဲပစ္စည်းကိုထောင်ထားခဲ့ခြင်းဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့က သံသယဖြစ်လျက်ရှိပြီး ၎င်းတို့အား ရှာဖွေနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အေပက်ကုန်သွယ်ရေးဝန်ကြီးများ နှစ်ရက်ကြာအစည်းအဝေး ကျင်းပ

**ဝါရှင်တန် မေ ၂၅**

အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်မှ စီးပွားရေးမိတ်ဖက်အဖွဲ့ဝင် ကုန်သွယ်ရေးဝန်ကြီးများသည် ပါပူဝါနယူးဂီနီမြို့တော် ပို့မော်ရက်စ်ဘီ၌ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဝန်ကြီးများသည် နိုင်ငံများစွာပါဝင်သည့် လွတ်လပ်စွာကုန်သွယ်မှု၏ အရေးပါမှုကို အလေးပေးဆွေးနွေးသွားကြမည်ဟု မျှော်လင့်ရသည်။

ဂျပန်၊ အမေရိကန်၊ တရုတ်နှင့် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် ၁၈ နိုင်ငံတို့သည် နှစ်ရက်ကြာကျင်းပမည့် ယင်းအစည်းအဝေးကို တက်ရောက်လျက်ရှိသည်။

ဂျပန်က ယင်းအစည်းအဝေးသို့ ကုန်သွယ်ရေးဝန်ကြီး ကိုဆာဘူရိုနစ်ရှိုင်းမ်ကို စေလွှတ်ခဲ့သည်။

နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပါပူဝါနယူးဂီနီဝန်ကြီးက အေပက်အဖွဲ့ဝင်များပါဝင်သည့် ဒေသတွင်း၌ လွတ်လပ်စွာကုန်သွယ်ခွင့်ဆိုင်ရာ ကြီးမားသည့် အစိုးရအဖွဲ့တစ်ရပ်ထူထောင်ရန်အတွက် တောင်းဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ကွန်ဂိုနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်ရာ လူ ၄၉ ဦး သေဆုံး

**ဘရာဇဗီလီ မေ ၂၅**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံအနောက်မြောက်ပိုင်း၌ ရေယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူပေါင်းအနည်းဆုံး ၄၉ ဦး သေဆုံးခဲ့ကြောင်း ကွန်ဂိုနိုင်ငံအစိုးရအရာရှိတစ်ဦးက မကြာသေးမီက အတည်ပြုပြောကြားခဲ့သည်။

ရေယာဉ်တိမ်းမှောက်မှုသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ရှုအပါပြည်နယ်အတွင်းရှိ မြစ်တစ်စင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မည်သည့်အတွက်ကြောင့် တိမ်းမှောက်မှုဖြစ်ပွားရသည်ကို မသိရှိရသေးကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေး အဖွဲ့များအနေဖြင့် အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မြစ်ချောင်းများ လွန်စွာပေါ်များပြီး ပြည်သူလူထုများအနေဖြင့် သွားလာလှုပ်ရှားရာတွင် ရေယာဉ်ငယ်များကိုသာ အဓိကအသုံး ပြုကြလေ့ရှိကြောင်း သိရသည်။

ရေယာဉ်များ အိုဟောင်းခြင်းနှင့် ခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်ခြင်းကြောင့် ကွန်ဂိုနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားနေကြောင်း သိရသည်။ **ဆင်ဟွာ**

# နိုင်ငံရေးအမြင်ချင်း ထပ်တူမကျခဲ့တဲ့ မြောက်ကိုရီးယားနဲ့ အမေရိကန်

**တင်လင်းအောင်**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ ဇွန်လ ၁၂ ရက်တွင် စင်ကာပူမှာ တွေ့ဆုံဖို့ စီစဉ်ထားတဲ့ အစည်းအဝေးကို မေ ၂၄ ရက်က ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ အဲဒီသတင်းကို ကြားလိုက်ရတာဟာ အတော်စိတ်မကောင်းစရာ ဖြစ်ရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့အနေနဲ့နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပဖို့ သင့်တော်တဲ့ အချိန်အခါ မဟုတ်သေးဘူးလို့ ရှုမြင်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသို့ ပေးပို့တဲ့စာမှာ ဖော်ပြခဲ့သလို အိမ်ဖြူတော်ဝက်ဘ်ဆိုက်မှာလည်း ရေးသားဖော်ပြခဲ့ပါတယ်။

**ဆွေးနွေးဖို့ မသင့်တော်သေး**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့ ဒေါသကြီးမှုနဲ့ ရန်လိုမှုတွေများနေတဲ့အပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေနဲ့ အဲလိုသုံးသပ်လိုက်တယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ မြောက်ကိုရီးယားဘက်က အစည်းအဝေးနဲ့ပတ်သက်ပြီး တောင်းဆိုခဲ့တာဖြစ်ပေမယ့်လည်း အခုလိုအချိန်အခါမှာ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုကို လုပ်ဆောင်ဖို့ မသင့်တော်သေးပါဘူးလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်။

မကြာသေးမီကမှ ထုတ်ပြန်ခဲ့တဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ကြေညာချက်မှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဒေါသကြီးမှုနဲ့ ရန်လိုမှုတွေကို ဖော်ပြခဲ့တာကြောင့် မိမိအနေနဲ့ နှစ်နိုင်ငံအစည်းအဝေးကို စီစဉ်ထားတဲ့အတိုင်း ကျင်းပဖို့ မဖြစ်နိုင်သေးကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နျူကလီးယားလုပ်နိုင်စွမ်းနဲ့ ပတ်သက်ပြီးတော့ "သင်က သင့်ရဲ့ နျူကလီးယားလုပ်နိုင်စွမ်းကို မကြာခဏဂုဏ်ယူပြောကြားခဲ့သော်လည်း ကျွန်ုပ်တို့မှာက သင်တို့ထက် အဆပေါင်းရာထောင်ချီတဲ့ နျူကလီးယားလုပ်နိုင်စွမ်းတွေရှိကြောင်းနဲ့ အဲဒါကို ဘယ်တော့မှ အသုံးမချရပါစေနဲ့လို့ ဘုရားသခင်မှာ ဆုတောင်းကြောင်း" ပြောခဲ့ပါတယ်။

သို့သော်လည်း အမေရိကန်နဲ့ မြောက်ကိုရီးယားနှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးမယ်ဆိုတဲ့ အစီအစဉ်ချမှတ်နိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ ဒီနေ့လို အချိန်အခါမျိုးမှာ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးဖို့ မသင့်တော်ပေမယ့်လည်း နောင်တစ်ချိန်ချိန်မှာ နှစ်နိုင်ငံတွေ့ဆုံသွားနိုင်ဖို့ မျှော်လင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့ပါတယ်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ အကျဉ်းသားတွေကို လွှတ်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။

အဲလိုလုပ်ဆောင်ခဲ့ခြင်းဟာ အင်မတန်ကောင်းမွန်တဲ့ ဆောင်ရွက်ချက်ဖြစ်ပြီး အသိအမှတ်လည်းပြုပါကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထပ်မံပြောခဲ့ပါတယ်။

အကယ်၍များ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေနဲ့ စိတ်ကူးများပြောင်းခဲ့သည်ရှိသော် မိမိအား ဖုန်းဆက်၍ ဖြစ်စေ၊ စာရေး၍ ဖြစ်စေ အကြောင်းကြားသင့်ကြောင်းနဲ့ လုံးဝနှောင့်နှေးမနေသင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကပြောခဲ့ပါတယ်။

ကမ္ဘာကြီးအနေနဲ့ အထူးသဖြင့် မြောက်ကိုရီးယားအနေနဲ့ ကြာရှည်တဲ့ ငြိမ်းချမ်းရေး၊ ပြည့်စုံကြွယ်ဝခြင်းနဲ့ချမ်းသာမှုအခွင့်အရေးတွေကို ဆုံးရှုံးခဲ့ရပါတယ်။

**တုံ့ပြန်မှုမရှိခဲ့**

အမေရိကန် ပြည်ထောင်စုအနေနဲ့ နှစ်နိုင်ငံအစည်းအဝေးနဲ့ ပတ်သက်ပြီး ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းတရားတွေကို စုံစမ်းပေမယ့်လည်း မြောက်ကိုရီးယားနိုင်ငံအနေနဲ့ မည်သည့်တုံ့ပြန်မှုမှ မရှိခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောပါတယ်။

နှစ်နိုင်ငံ အစည်းအဝေးအောင်မြင်ဖို့ ကြိုတင်ပြင်ဆင်မှုများ မလုပ်ဆောင်နိုင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက လွှတ်တော်မှာ ပြောခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံရဲ့ မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ဟာ ဝမ်းနည်းစရာကောင်းကြောင်း ပြောခဲ့ပါတယ်။

နှစ်နိုင်ငံ အစည်းအဝေးပျက်ပြယ်သွားသော်လည်း ဒါဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေနဲ့ အင်အားချည့်နဲ့တဲ့ ခေါင်းဆောင်ဆိုတာကို ပြသတဲ့လက္ခဏာမဟုတ်ကြောင်း မိုက်ပွန်ပီအိုက သတိပေးပြောကြားခဲ့ပါတယ်။

**ဂူတာရက်စ်စိုးရိမ်**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ သူ့ရဲ့နိုင်ငံနဲ့ သူ့ရဲ့အဖွဲ့ကို ဦးဆောင်နိုင်တဲ့စွမ်းအားတွေ ရှိနေကြောင်း မိုက်ပွန်ပီအိုက ပြောခဲ့ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှု ပျက်ပြယ်သွားခြင်းအပေါ် အလွန်တရာမှ စိုးရိမ်ပူပန်မိကြောင်း ပြောခဲ့ပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်တွေကို ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် နည်းလမ်းရှာရန် တိုက်တွန်းကြောင်း ဆွစ်ဇာလန်နိုင်ငံ လက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲမှာလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တိုက်တွန်းခဲ့ပါသေးတယ်။

မေ ၂၄ ရက်အစောပိုင်းတွင် မြောက်ကိုရီးယားက အမေရိကန်နဲ့ ကျင်းပမယ့် ဇွန်လမှာ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုအပေါ် သတိပေးမှုများပြုလုပ်ခဲ့ပြီး အကယ်၍ လိုအပ်ပါက နျူကလီးယားလက်နက်များ အဆင်သင့်ပြင်ဆင်ထားကြောင်း ပြောခဲ့ပါတယ်။

မြောက်ကိုရီးယားမီဒီယာရဲ့ ထုတ်ပြန်ကြေညာချက်တွင် ဒုတိယနိုင်ငံခြားရေး ဝန်ကြီး ချိုဆွန်ဟွာက အမေရိကန်နိုင်ငံဒုတိယသမ္မတ မိုက်ပန့်စ်ကို အမေရိကန်ရဲ့ လုပ်ဆောင်ချက်တွေဟာ လစ်ဗျားကို အမေရိကန်တို့ပြုလုပ်ခဲ့တဲ့ နိုင်ငံရေး နမူနာပုံစံလိုမျိုးဖြစ်နေကြောင်း ပြောခဲ့ပါတယ်။

လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီက မပြီးဆုံးသေးတဲ့ နျူကလီးယားစီမံချက်တွေကို လက်လျှော့လိုက်ပြီးနောက်ပိုင်းမှာ မွန်မာကဒါဖီကို နေတိုးထောက်ပံ့ခံ တိုက်ခိုက်ရေးသမားတွေက သုတ်သင်လိုက်တဲ့ နိုင်ငံရေးနမူနာပုံစံလိုမျိုးဖြစ်နေကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့ပါတယ်။

အကယ်၍ အမေရိကန်နဲ့ မြောက်ကိုရီးယားတို့သာ အစည်းအဝေးဖြစ်မြောက်ခဲ့ပါက တရုတ်နိုင်ငံအနေနဲ့လည်း အတတ်နိုင်ဆုံး ကူညီသွားမှာဖြစ်တယ်လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောခဲ့ပါတယ်။

ထို့အတူ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးမှာ အလယ်ဗဟိုကနေပါဝင်ခဲ့တဲ့ သမ္မတ ရှီကျင့်ဖျင် ဦးဆောင်တဲ့ တရုတ်အစိုးရကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့တရုတ်ခရီးစဉ်အပေါ် သဘောကျကျေနပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတာကြောင့် ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲဖြစ်ပွားခဲ့ပါက အဲဒါဟာ တရုတ်နိုင်ငံကို အဓိကခြိမ်းခြောက်လာမယ့်အရေးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရဖို့အရေးမှာ တရုတ်နိုင်ငံလည်း ကူညီဖို့အဆင်သင့်ဖြစ်ခဲ့ပါတယ်။ ထို့အတူ စင်ကာပူကလည်း လုံခြုံရေးမှအစ အကောင်းဆုံးထောက်ပံ့ကူညီသွားမှာဖြစ်ကြောင်း ပြောခဲ့ပါသေးတယ်။ သို့သော်လည်း အနှစ်နှစ်အလလက ရည်မှန်းခဲ့တဲ့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေး ရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်မပေါ်လာတော့ပါဘူး။

တရုတ်နိုင်ငံကို မြောက်ကိုရီးယားခေါင်းဆောင်သွားရောက်ပြီး ပြန်လာခါနီး ထုတ်ပြန်ကြေညာချက်မှာ ဘာပြောခဲ့သလဲဆိုရင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စဟာ ဖြေရှင်းလို့ရတဲ့ ကိစ္စဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

စစ်အေးခေတ်ထဲက အပေါက်အလမ်းမတည့်ခဲ့တဲ့ ဒီနှစ်နိုင်ငံဟာ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နောက်ဆုံးမှာ အနည်းဆုံးတော့ အပေါက်အလမ်းတည့်ပြီး အစေးကပ်တဲ့အခွင့်အရေးတော့ ရလာမယ်လို့ထင်ရသော်လည်း အခုတော့ ဒါဟာ ကမ္ဘာ့သမိုင်းစာမျက်နှာရဲ့ ကံကြမ္မာအဆိုးအကောင်းကို ဝေဖန်ပိုင်းခြားမယ့် အလှည့်အပြောင်းတစ်ခု ဖြစ်မလာနိုင်တော့ပါဘူး။

အခုတော့ မည်သို့ပင်ဆိုစေ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့အနေနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ နျူကလီးယားကင်းစင်ရေးကိစ္စနဲ့ ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ် မရရှိနိုင်သေးပါဘူး။

မြောက်ကိုရီးယားနဲ့ သဘောတူညီချက်ဟာ အမှန်တကယ်ကို အကျိုးရှိပြီး အကယ်၍ အောင်မြင်စွာပြီးဆုံးခဲ့မယ်ဆိုပါက ကမ္ဘာကြီးအတွက် ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်လာမှာဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တစ်ချိန်က ပြောခဲ့သော်လည်း အခုတော့ မြောက်ကိုရီးယားရဲ့နိုင်ငံရေးအမြင်နဲ့ အမေရိကန်ရဲ့ နိုင်ငံရေးအမြင်တွေ ထပ်တူမကျခဲ့ဘူးလို့ပဲ ဆိုပါရစေ။ ။

**ကိုးကား-**
**ချန်နယ်နယူးအေးရှ**

> **"မကြာသေးမီကမှ ထုတ်ပြန်ခဲ့တဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ ကြေညာချက်မှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဒေါသကြီးမှုနဲ့ ရန်လိုမှုတွေကို ဖော်ပြခဲ့တာကြောင့် မိမိအနေနဲ့ နှစ်နိုင်ငံအစည်းအဝေးကို စီစဉ်ထားတဲ့အတိုင်းကျင်းပဖို့ မဖြစ်နိုင်သေးကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်"**

# ကိုယ်ပိုင်သံစဉ်ကို ဖန်တီးလိုက်သည့် " Best of the Best" စီးရီးထုတ်လုပ်

ချမ်းချမ်း၊ အမွန်း၊ ရွှယ်ရွှယ်၊ ဆုထက်လှိုင်၊ လွန်းဇောင်းစသည့် နာမည်ရှိ အဆိုတော်များနှင့်အတူ မျိုးဆက်သစ်ဂီတလူငယ်များနှင့် ဖန်တီးပုံဖော်ထားသော ကိုယ်ပိုင်သံစဉ်တေးသီချင်းများ ပါဝင်သည့် " Best of the Best " ဟုအမည်ပေးထားသော တေးစီးရီးခွေကို Heaven Melody Entertainment မှ စီစဉ်ပြီး Pro Music တေးထုတ်လုပ်ရေးမှ ထုတ်လုပ်ထားကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ ကိုယ်ပိုင်သံစဉ်တွေက နည်းလာတယ်၊ ဒီလိုရှားပါးတဲ့ကြားက ကိုယ်ပိုင်သံစဉ်လို့ ပြောလိုက်ရင် တော်တော်များများက နားမထောင်ချင်ကြဘူး၊ ကော်ပီသီချင်းတွေ အားသာတဲ့ အချိန်က မကုန်ဆုံးသေးဘူးလေ၊ အဆိုတော်တွေတင်မဟုတ်ဘူး၊ တေးရေးဆရာတွေဆိုရင်လည်း ကော်ပီသီချင်းရေးဆရာတွေ အများဆုံးထွက်ပေါ်လာနေတယ်၊ အဆိုပြိုင်ပွဲတွေဆိုရင်လည်း ကော်ပီသီချင်းတွေနဲ့ ပြိုင်ကြတယ်၊ ထုတ်လုပ်သူတွေဘက်က လွယ်လွယ်နဲ့ အောင်မြင်နိုင်မယ့် လမ်းကိုရွေးချယ်ကြတဲ့အတွက် ကော်ပီသံစဉ်တွေဟာ ပလူပျံနေအောင် ကြားနေခဲ့ရတာ၊ ဒါကြောင့် အခုကျွန်တော်တို့လည်း တတ်စွမ်းသမျှ သံစဉ်အသစ်တွေကို ဖန်တီးဖြစ်ခဲ့တယ်၊ ကိုယ်ပိုင်သံစဉ်ရဲ့အနှစ်သာရကို ကြိုးစားပြီး အကောင်အထည်ဖော်ထားပါတယ်"ဟု Heaven Melody Entertainment မှ တာဝန်ရှိသူက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၆ ပုဒ်ပါဝင်ပြီး ဇင်သီ ၊ထူးကြီး၊ တီလေး၊ နေမင်း၊ Pop Diamond နှင့် လူငယ်တေးရေးဆရာအသစ်များက ရေးဖွဲ့ပေးထားကြကြောင်း သိရသည်။ တေးစီးရီး ကို မေ ၃၁ ရက်တွင် MMN Music မှ ဖြန့်ချိမည်



ဖြစ်ပြီး တေးသံရှင်များက ဇွန် ၂ ရက် ညနေတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင်လည်းကောင်း၊ ဇွန် ၃ ရက် ညနေတွင် မန္တလေးမြို့ မနောရမ္မံ အားကစားကွင်းတွင်လည်းကောင်း ပရိသတ်များအား လက်မှတ်ရေးထိုးပေးပြီး တေးသီချင်းများ သီဆိုဖျော်ဖြေသွားမည်ဟု သိရသည်။ **ကိုလင်း**

# မျက်လုံးဖြင့် အဓိကသရုပ်ဆောင်ထားကြောင်း အောင်ရဲလင်း ပြောကြား

စာရေးဆရာကြီးမင်းသိင်္ခ၏ဝတ္ထုကို လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်းစီစဉ်ပြီး ဇာတ်ညွှန်းနေစိုးသော်က ပုံဖော်၍ ဒါရိုက်တာခင်စောမျိုး ရိုက်ကူးထားပြီး ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ခိုင်သင်းကြည်၊သင်ဇာဝင့်ကျော်၊ ဘေဘီမောင်တို့ပါဝင်သရုပ်ဆောင်ထားသော "မတစ်ထောင် တစ်ကောင်ဘွား"ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သည့် အောင်ရဲလင်း၏ မျက်နှာဖုံးစွပ်သရုပ်ဆောင်သည့် ဇာတ်ဝင်ခန်းအား ဝေဖန်မှုများရှိခဲ့ပြီး ယင်းဇာတ်ကားအတွက် မျက်လုံးဖြင့် အဓိကသရုပ်ဆောင်ထားကြောင်း အောင်ရဲလင်းက ပြောကြားသည်။

"ကျွန်တော် ဒီဇာတ်ကားအတွက်ပြင်ဆင်မှုတွေကတော့ အများကြီးပါပဲ၊ ဒီလိုဇာတ်လမ်းမျိုးက ကျွန်တော်ရိုက်ကူးနေကျဇာတ်လမ်းမျိုးကနေ အများကြီးခွဲထွက်သွားတာပါ၊ ကျွန်တော်က အများဆုံးရိုက်ခဲ့တာ ယနေ့ခေတ်ပုံစံ၊ လူငယ်ကြိုက်ဇာတ်ကားတွေ များတယ်၊ အခုဇာတ်ကားက နောက်ခံကိုက ကိုလိုနီခေတ်ကပုံစံဆိုတော့ အဝတ်အစားပိုင်း၊ တိုက်ပုံ၊ ရင်ဖုံးအင်္ကျီကအစ၊ ပုဆိုးအနေအထားအဆုံး ဒီဇိုင်နာနဲ့ သေသေချာချာ တိုင်ပင်ပြီး လုပ်ခဲ့တာပါ၊ ဒီဇာတ်ကားမှာ ကျွန်တော်က သူဌေးသားတစ်ဦးရဲ့ ဇာတ်ရုပ်ဆိုတော့ မျက်နှာအမူအရာပိုင်းကအစ စကားပြောတဲ့အခန်းတိုင်းမှာ ပညာတတ်၊ သူဌေးသားအသွင် လေ့ကျင့်ရပါတယ်၊ ပတ်ဝန်းကျင်နဲ့လည်း အံဝင်ခွင်ကျရှိတဲ့သူအဖြစ် လေ့ကျင့်သရုပ်ဆောင်ရပြီး အဓိကကတော့ မျက်လုံးနဲ့ သရုပ်ဆောင်မှုကို တော်တော်လေးလေ့ကျင့်ပြီး ကြိုးစားထားတယ်၊ ဒီဇာတ်ကားမှာ ကျွန်တော်နဲ့ ပတ်သက်ပြီး ပရိသတ်တွေ ဝေဖန်ကြတာလေးတစ်ခုရှိတယ်၊ မျက်နှာဖုံးကိစ္စဖြစ်ပါတယ်၊ ဝတ္ထုထဲမှာ လူသတ်သမားက မျက်လုံးကိုအဝတ်နဲ့စည်းထားတယ်ဆိုပြီးပါတယ်၊ ကျွန်တော်တို့ ရိုက်ကွင်းမှာ အကြိမ်ကြိမ်စမ်းကြည့်တဲ့အခါ လုံးဝအဆင်မပြေဘူး၊ အဲဒီတော့ မျက်နှာဖုံးကို စွပ်လိုက်တဲ့အခါ ဒီဘက်ခေတ်နဲ့လည်း အဆင်ပြေ၊ လူသတ်သမားဆိုတာလည်း သိသာစေတယ်၊ ဒါကြောင့် သုံးရခြင်းဖြစ်ပါတယ်"ဟု အောင်ရဲလင်း ကပြောကြားသည်။



ကိုလိုနီခေတ် သူ့ကျွန်ဘဝရောက်နေသည့်အချိန် ရာဇဝင်၌ စာတင်မခံခဲ့ရသည့် မျိုးချစ်တစ်ကိုယ်တော် လူစွမ်းကောင်းတစ်ယောက်ဖြစ်ပြီးမတရားမှုမှန်သမျှကို လက်ပိုက်ကြည့်မနေသည့် မြန်မာပြည်သူပြည်သားများအပေါ် ဖိနှိပ်ဒုက္ခပေးသော အာဏာရမျက်နှာဖြူအရာရှိများကို သုတ်သင်ခဲ့သည့် မျိုးချစ်လူငယ်တစ်ယောက်အကြောင်း ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ကားကြီးဖြစ်သည့် "မတစ်ထောင်တစ်ကောင်ဘွား"ရုပ်ရှင်ဇာတ်ကားကြီးကို မေ ၂၅ ရက်တွင် တစ်ပြည်လုံးရှိ ရုပ်ရှင်ရုံများ၌ ပြသနေပြီ ဖြစ်သည်။ **ကိုလင်း**

# လိုအပ်ချက်များကို ဖြည့်ဆည်းယှဉ်ပြိုင်မည့် သတိုးအောင်

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပပြုလုပ်မည့် Mr & Miss Culture World ပွဲသို့ မကြာမီသွားရောက်ယှဉ်ပြိုင်မည့် သတိုးအောင်က ပြိုင်ပွဲအတွက်ပြင်ဆင်မှုများ စတင်နေပြီ ဖြစ်သည်။**

သူသည် Mr. Culture World Myanmar အဖြစ် နေပြည်တော် ကိုယ်စားပြုယှဉ်ပြိုင်ရာမှ ရွေးချယ်ခံရသူ ဖြစ်သည်။

"ပြိုင်ပွဲက ဩဂုတ်လမှာပါ၊ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ထုတ်ဖို့အတွက် ရွေးချယ်ခံရတယ်လို့ ထင်ပါတယ်၊ အင်္ဂလိပ်စာကတော့ ကိုယ့်နိုင်ငံရဲ့ မိခင်ဘာသာစကားမဟုတ်တဲ့အတွက် လိုအပ်ချက်တွေ ရှိသွားမှာတော့ စိုးရိမ်မိပါတယ်၊ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို ကမ္ဘာကသိလာအောင် အကောင်းဆုံးချပြသွားချင်ပါတယ်၊ အင်္ဂလိပ်စာက မိခင်ဘာသာစကားမဟုတ်လို့ လိုအပ်ချက်တွေ ရှိသွားခဲ့ရင် ချစ်တဲ့စိတ်နဲ့ ဖြည့်စွက်ကြည့်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်၊ ကျွန်တော့် အနေနဲ့ ပြည်တွင်းမှာပြုလုပ်တဲ့ Mister Culture World Myanmar 2018 ပြိုင်ပွဲမှာ Winner ဆုနဲ့ ကျွန်တော်အလိုချင်ဆုံး Best Catwalk ဆုကိုရရှိပြီး Smart idol ဆုကိုထပ်မံ ရရှိခဲ့ပါတယ်"ဟု Mister သတိုးအောင်က ပြောသည်။

၎င်းသည် ပြိုင်ပွဲအတွက် ကိုယ်ကာယ ကြံ့ခိုင်မှုမှစတင်၍ အခြားလိုအပ်သည့်အရာများကိုလည်း ဖြည့်ဆည်းလေ့ကျင့်နေကြောင်း၊ ဝတ်စုံများကိုလည်း ဒီဇိုင်နာများနှင့် တိုင်ပင်ကာ မိမိတို့နိုင်ငံယဉ်ကျေးမှုနှင့် ထပ်တူကျမည့် ဝတ်စားဆင်ယင်မှုများကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့သဘာဝလေ့စရိုက်များကို အဓိကထားလေ့လာနေပြီး ခေတ်အဆက်ဆက်ပြောင်းလဲမှုများကိုလည်း ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**






# ဆန်းထူးအောင်၏ "အချစ်ရှိရာအရပ်ဆီ တေးစီးရီး" ထွက်ရှိ

"သံစဉ်များနဲ့ကမ္ဘာ" သီချင်းဆိုပြိုင်ပွဲ ပွဲစဉ် ၁၀ တွင် တတိယဆုရရှိထားသည့် ဆန်းထူးအောင်၏ "အချစ်ရှိရာအရပ်ဆီ" ဟုအမည်ပေးထားသော တစ်ကိုယ်တော်ခွေကို မေ ၂၄ ရက်က စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

ယင်းအခွေအတွက် တစ်နှစ်နီးပါးပြင်ဆင်ခဲ့ရပြီး ပထမဆုံးထွက်ရှိသည့် အခွေဖြစ်၍ စိတ်လှုပ်ရှားမိကြောင်း ၎င်းက ပြောကြားသည်။

"အများကြီး ကြိုးစားခဲ့ပါတယ်၊ ကျွန်တော် ပထမဆုံးထွက်တဲ့ အခွေမို့ လိုအပ်မှုလေးတွေရှိနိုင်ပါတယ်၊ သီချင်းလေးတွေအများစုက အရင်က သီချင်းဟောင်းလေးတွေဖြစ်ပါတယ်၊ အန်တီနွဲ့ယဉ်ဝင်းနဲ့ သီဆိုထားတဲ့သီချင်းမှာ အဝေးရောက်သားအတွက် အမေကစိတ်ပူပြီး သားကလည်း တစ်လှည့်ပြန်စိတ်ပူတဲ့ပုံစံမျိုး သီချင်းအေးအေးလေးတွေများတယ်"ဟု ဆန်းထူးအောင်က ပြောကြားသည်။

တေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ် ပါဝင်ပြီး တေးသီချင်းများကို တေးရေးအောင်ကိုမြင့်၊ R ခိုင်၊ ရွှေဂျော်ဂျော်၊ ရယ်ဂျီ၊ ကောင်းဇော်၊ ကိုနာမ်၊ အောင်ကိုလတ်နှင့် ပွားပွားတို့က ရေးသားထားကြပြီး The Sun Music တေးထုတ်လုပ်ရေးက မေ ၂၄ ရက်တွင် စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# စွပ်စွဲခံထားရမှုတွေအတွက် တောင်းပန်လိုက်တဲ့ မော်ဂန် ဖရီးမင်း

အမေရိကန်ရုပ်ရှင်ကြယ်ပွင့်တစ်ဦးဖြစ်သူ မော်ဂန်ဖရီးမင်းဟာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုပြုလုပ်တယ်ဆိုပြီး အမျိုးသမီးရှစ်ယောက်ရဲ့ စွပ်စွဲမှုကို ခံထားရပါတယ်။ ဒီလိုစွပ်စွဲမှုတွေ ပေါ်ထွက်လာတဲ့နောက်မှာတော့ ဖရီးမင်းဟာ တောင်းပန်စကားဆိုခဲ့ပါတယ်။ မော်ဂန် ဖရီးမင်းဟာ ဘဏ်ဖောက်ဟာသကားတစ်ကားဖြစ်တဲ့ Going in Style ဆိုတဲ့ ဇာတ်ကားရိုက်စဉ် လပေါင်းများစွာကြာအောင် ထုတ်လုပ်ရေးပိုင်းက အမျိုးသမီးတစ်ဦးကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခံထားရတာလည်းဖြစ်တယ်။ အဲဒီ အမျိုးသမီးက မော်ဂန် ဖရီးမင်းဟာ သူ့ကို အမျိုးမျိုးနှောင့်ယှက်ခဲ့ပြီး စကတ်ကိုလည်း ဆွဲလှန်ဖို့ ကြိုးစားတယ်လို့ ဖွင့်ချတိုင်ကြားခဲ့တာပဲဖြစ်တယ်။ ဖရီးမင်းကတော့ သူ့ရဲ့အပြုအမူကြောင့် စိတ်မသက်မသာဖြစ်ခဲ့ရသူတွေကိုတောင်းပန်တယ်လို့ ပြောလိုက်ပါတယ်။ ဖရီးမင်းက သူဟာ ရည်ရွယ်ချက်ရှိရှိ ဘယ်သူ့ကိုမှ နှောင့်ယှက်ခဲ့တာမရှိပါဘူး။ ဒါကို သူနဲ့ အလုပ်တွဲလုပ်ဖူးသူတိုင်း သိတယ်လို့ ပြောပါတယ်။ ၂၀၁၃ ခုနှစ်က Now You See Me ဇာတ်ကားရိုက်စဉ်ကလည်း ရိုက်ကွင်းပေါ်က ဝန်ထမ်းအမျိုးသမီးတွေဟာ ဖရီးမင်းရှိနေရင် စကတ်တိုတိုတောင် မဝတ်ရဲဘူးလို့ အဲဒီဇာတ်ကားရိုက်ကူးစဉ်က ပါဝင်ခဲ့တဲ့ဝန်ထမ်းအမျိုးသမီးက ပြောပါတယ်။

**ဘီဘီစီ**



## Game of Thrones ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးပိုင်းကို အရိပ်အမြွက်ပြောပြခဲ့တဲ့ အမီလီယာကလာ့ခ်

လူကြိုက်များလှတဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Game of Thrones ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးပိုင်းကို ၂၀၁၉ ခုနှစ်မှာ ထုတ်လွှင့်ပြသမှာပဲဖြစ်တယ်။ အဲဒီဇာတ်လမ်းတွဲမှာ ဒနဲရစ်တိုက်ကရီးယန်းအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ အမီလီယာကလာ့ခ်က နောက်ဆုံးအတွဲမှာ ပြသမယ့် သူ့ရဲ့ဇာတ်ကောင်နဲ့ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။ ဇာတ်လမ်းတွဲထဲမှာ နဂါးတို့ရဲ့မိခင်အဖြစ် သရုပ်ဆောင်ထားတဲ့ အမီလီယာကလာ့ခ်က နောက်ဆုံးပိုင်း ရိုက်ကူးစဉ်မှာ သူအတော်လေး ကြိုးစားခဲ့ရတယ်။ အတော်လေး စိတ်ရှုပ်ခဲ့ရတယ်လို့ ပြောပါတယ်။ နောက်ဆုံးပိုင်းမှာ သူ့ရဲ့ဇာတ်ကောင်ဟာ အလွန်ကောင်းမှာမဟုတ်ဘူးလို့လည်း ပြောခဲ့ပါတယ်။ “နောက်ဆုံးပိုင်းဟာ သေချာပေါက်ကြည့်ရှုသူပရိသတ်ကို အံ့သြစေမယ်၊ အဲလို အံ့သြသင့်ဖွယ် ဇာတ်သိမ်းပိုင်းဖြစ်အောင်လည်း သူသရုပ်ဆောင်ခဲ့ရတယ်၊ ဘာကိုဆိုလိုသလဲဆိုတာ နောက်ဆုံးအပိုင်းပြသတဲ့အခါ သိပါလိမ့်မယ်”လို့ အမီလီယာကလာ့ခ်က ပြောပါတယ်။ ဒီဇာတ်လမ်းတွဲမှာ သူနဲ့ တွဲဖက်သရုပ်ဆောင်ဖြစ်တဲ့ ကစ်ဟာရင်တန်နဲ့ ဆက်ဆံရေးကို မေးမြန်းကြည့်တဲ့အခါမှာတော့ ခြောက်နှစ်လောက် ဇာတ်ကားအတူရိုက်လာတာဖြစ်လို့ အခင်ဆုံးသူငယ်ချင်းတွေပါလို့ ဖြေခဲ့ပါတယ်။ ကစ်ဟာရင်တန်ဟာ Game of Thrones ဇာတ်ကားမှာ ဂျွန်စနိုးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး သူလည်း ဒီဇာတ်လမ်းရဲ့နောက်ဆုံးအပိုင်းကို ဖတ်ပြီးတဲ့အခါ မျက်ရည်ကျမိတယ်လို့ ပြောပါတယ်။ Game of Thrones ဇာတ်လမ်းတွဲဟာ HBO ကုမ္ပဏီရဲ့အအောင်မြင်ဆုံး ရုပ်သံစီးရီးထဲကတစ်ခု ဖြစ်ပါတယ်။

**ဟယ်လို ခြူး**






# ခတ်ဆစ်နဲ့ ပက်ဝန်းကျင်

**မောင်ခင်မင်(ဓနုဖြူ)**

“သမီးပါလား၊ ကျောင်းကိုမပြန်ရသေးဘူးထင်တယ်”

“ဟုတ်ကဲ့၊ ဒီလကုန်မှ ဂျူတီပြန်ဝင်ရမှာပါ ဘဘ”

“ကျောင်းပိတ်ရက်မှာ အိမ်မှာကြာကြာနေရတာပေါ့ကွယ်”

“မနက်က သူငယ်ချင်းတွေ စုံကြရင်း သမီးသူငယ်ချင်းတစ်ယောက် အသံထွက်ပုံ တစ်မျိုးဖြစ်နေလို့ ဘဘကို သတိရတာနဲ့ ပြောပြချင်လို့ပါ ဘဘ”

“ဩော် ဟုတ်လား၊ ဘယ်လိုအသံထွက်လို့လဲကွယ်”

“သူက သူ့တူကလေးတစ်ယောက် တော်တော်ဆော့တဲ့အကြောင်းပြောရင်းနဲ့ ‘မနက်က ငါ့ကိုရေနဲ့ပတ်တယ်’ လို့ ပြောတယ် ဘဘ”

“ဟင်”

“ဒီတော့ သမီးက သူပြောတာကို နားမလည်တာနဲ့ ဟဲ့ ရေနဲ့ပတ်တယ်ဆိုတာ ဘာပြောတာလဲ၊ ရေနဲ့ပတ်လို့မှမရတာလို့ ပြောလိုက်တယ်”

“ဒီတော့...”

“ဒီတော့ သူက ‘ရေနဲ့ဒီလို ပတ်တာလေဟဲ့’ လို့ပြောရင်း ရေနဲ့ပက်တဲ့ပုံ လုပ်ပြတယ်၊ ဒီတော့မှ သူပြောတာ ‘ရေနဲ့ပက်’ လို့ ဆိုလိုမှန်းသိတော့တယ် ဘဘရယ်”

“အေး... အေး...”

“သမီးသတိထားပြီးနားထောင်ကြည့်တော့ သူပြောတဲ့စကားမှာ ကသတ်သံကို တသတ်သံနဲ့ချည်းပြောနေတာ သတိထားမိပါတယ် ဘဘ၊ ‘ပတ်ဝန်းကျင်’ ကိုကျတော့ ‘ပက်ဝန်းကျင်-တဲ့’၊ ‘လုပ်တတ်တယ်ကျတော့ လုပ်တက်တယ်’ တဲ့၊ အဲဒီလိုတွေ ဖြစ်နေလို့ပါ ဘဘ”

“အင်း... ဘဘလည်း သတိထားမိပါတယ်၊ ဒီနေ့လူငယ်တချို့စကားပြောတာ ကြားရတာ သမီးပြောသလိုပဲ အတ်ဆိုတဲ့ အသံ၊ အဲ... တ-သတ်သံပေါ့၊ အဲဒီ တ-သတ်သံကို အက် ဆိုပြီး က-သတ်သံနဲ့ပြောနေကြသလိုပဲလေ၊ အဲ... ကသတ်သံကျတော့ တသတ်သံနဲ့ ပြောကြပြန်ရော”

“ဟုတ်လား ဘဘ”

“တလောက၊ ဌာနတစ်ခုက မြန်မာစာစာမေးပွဲအဖြေလွှာတွေ ဘဘကို စစ်ဆေးဖို့ တာဝန်ပေးလို့ စစ်ရတယ်၊ အဲဒီမှာ ‘ခတ်’ ဆိုတဲ့ စကားလုံးကို ဝါကျဖွဲ့ခိုင်းတဲ့မေးခွန်းကို တစ်ယောက်က ဘယ်လိုဖြေသလဲသိလား”

“ပြောပြပါ ဘဘ”

“ခတ်ကို ဝါကျလုပ်တာ ‘မမသည် မြန်မာခတ်ဆစ်များကိုကျက်နေသည်’ တဲ့ဗျ”

“ဟင်... ခတ်ဆစ်ဆိုတာ ဘာလဲ ဘဘ၊ သမီးတော့ တစ်ခါမှမကြားဖူးပါဘူး”

“ဘဘလည်း ပထမတော့ အဓိပ္ပာယ်မပေါက်ဘူး၊ နောက်မှနားလည်သွားတယ်၊ သူက ‘ခက်ဆစ်’ ကို ‘ခတ်ဆစ်’ လို့ သူ့အသံထွက်အတိုင်း ရေးလိုက်တာကိုးကွဲ့”

“ဩော်... ဟုတ်တယ်နော် ဘဘ”

“ဘယ်လိုဖြစ်ကြတာလဲတော့ မစဉ်းစားတတ်အောင်ဘဲ သမီးရယ်၊ အတ်နဲ့ အက်က အသံထွက်ချင်း ကွဲပါတယ်၊ အဲဒါဘာဖြစ်လို့ အခုလို ရောရောထွေးထွေး မှားပြီး ထွက်တာပါလိမ့်လို့ တွေးနေမိတယ်”

“ဟုတ်တယ်နော်၊ သမီးတို့တော့ အဲဒီလိုမှားပြီး အသံမထွက်ပါဘူး ဘဘ”

“လူငယ်တွေ အသံထွက်အတိမ်းအချော်ဖြစ်တာ ဘဘသတိထားမိသလောက် ဆ ကို စ လို့ အသံမှားထွက်တာက စတာပဲထင်တယ်၊ အခု အသက် ၃၀ ကျော် ၄၀ အရွယ်တချို့တောင် အဲဒီလိုမှားထွက်နေတာ ကြားရတယ်ကွဲ့”

“ဟုတ်ကဲ့ပါ၊ တစ်ခါက သမီးဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရတာ၊ ရေးတဲ့သူက တက္ကသိုလ်က ဆရာမကြီးတစ်ယောက်ပဲ ဘဘရဲ့ သူက ဘယ်လိုရေးသလဲဆိုရင် ‘ဆုံးမ’နဲ့ ‘စုန်းမ’ ဟာ အသံထွက်ချင်းတူတယ်-တဲ့၊ ဒါပေမယ့် အဓိပ္ပာယ်မတူဘူးတဲ့”

“ဩော် အဲဒီလိုရေးသလား”

“ဟုတ်ပါတယ် ဘဘ၊ သမီးသေသေချာချာမှတ်ထားတာပါ၊ ‘ဆုံးမ’နဲ့ ‘စုန်းမ’ အသံထွက်ချင်းတူတယ်ဆိုလို့ အံ့သြသွားတာပါ၊ တူမှမတူပဲနော်”

“ဒါဆိုရင် အဲဒီလိုရေးတဲ့သူကိုယ်တိုင်က ‘ ဆ နဲ့ စ ’ အသံချင်းမတူတာကို သတိမထားဘဲ ရောရောထွေးထွေး ထွက်နေတာ ဖြစ်မှာပေါ့”

“ဟုတ်တယ်နော် ဘဘ”

“ဘဘလည်း အဲဒီ ‘စ နဲ့ ဆ’ ရောထွေးပြီး အသံထွက်တဲ့ ကိစ္စကို တော်တော်ရေးပြီးပါပြီ၊ အခု ‘အက်နဲ့ အတ်’ အသံမကွဲပြားတဲ့ ပြဿနာ ကြားရပြန်ပြီ၊ မြန်မာစကားကို ပီပီသသကွဲကွဲပြားပြား အသံမထွက်ကြဘဲ ရောရောထွေးထွေးဖြစ်နေတာ ကောင်းတဲ့ကိစ္စတော့ မဟုတ်ဘူးပေါ့ကွယ်”

“ဒါကြောင့် သမီးဘဘကို ‘သတိရလို့ ပြောပြ’ တာပါ”

“စောစောပိုင်းတုန်းကတော့ အက်နဲ့ အတ်မှားတာဟာ တစ်ယောက်တလေ မှားတာပဲလို့ ထင်တာ၊ တီဗွီကြော်ငြာတစ်ခုမှာ သရုပ်ဆောင်တစ်ယောက်က ‘တော်တော်ခက်တယ်’ ဆိုတဲ့စကားကို’ ‘တော်တော်ခတ်တယ်’ လို့ ပြောတာ၊ သမီးသတိထားမိမလားမသိဘူး၊ အခုအဲဒီကြော်ငြာမလာတာကြာပြီ”

“ဟုတ်ကဲ့၊ သမီးလည်း ကြားဖူးပါတယ်”

“အသံထွက်မှားတော့ စာရေးရာမှာ စာလုံးပေါင်းလည်း မှားတာပေါ့ကွယ်”

“ ‘ပတ်ဝန်းကျင်’ ကို‘ပက်ဝန်းကျင်’ လို့ ရေးတယ်၊ ‘အတတ်ပညာ’ ကို ‘အတက်ပညာ’လို့ ရေးတယ်၊ ‘အခက်အခဲ’ ကို‘အခတ်အခဲ’ လို့ ရေးတယ်၊ အကုန်မှားကုန်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ကသတ်နဲ့ တသတ်ကို အသံအတူတူထွက်တယ်ထင်ပြီး ကဗျာမှာ ကာရန်ယူလိုက်တော့ ကာရန်လွဲတာမျိုးလည်း ရှိတယ်၊ ဘဘကိုယ်တွေ့တစ်ခုပြောပြမယ်၊ ကဗျာပြိုင်ပွဲတစ်ခုမှာ ပြိုင်တဲ့ကဗျာတွေကို စိစစ်တော့ တစ်ယောက်က ‘တို့သွေးတို့သက်၊ တို့လွတ်လပ်ရေး၊ တို့ယူပေးခဲ့’ လို့ ရေးတယ်၊ အဓိပ္ပာယ်ကကောင်းပေမယ့် ပထမပိုဒ်နဲ့ ဒုတိယပိုဒ်မှာ ကာရန်လွတ်နေတယ်လေ၊ ‘သက်’နဲ့ ‘လပ်’နဲ့ ကာရန်ယူသလို ဖြစ်နေတယ်၊ တခြားနေရာတွေမှာ ကာရန်ကို နိုင်နိုင်နင်းနင်းရေးနိုင်ရက်သားနဲ့ ဒီနေရာ တစ်နေရာမှာမှ ဘာကြောင့် ကာရန်လွတ်သလဲလို့ စဉ်းစားကြည့်တော့မှ အဖြေပေါ်တယ်ကွဲ့”

“ဘယ်လိုပါလဲ ဘဘ”

“သူက ‘လွတ်လပ်ရေး’ ကို ‘လွတ်လက်ရေး’ လို့ အသံမှား ထွက်နေကျဖြစ်မှာပေါ့၊ ဒါကြောင့် ‘သက်’နဲ့ ‘လပ်’ အသံတူတယ်ဆိုပြီး ကာရန် ယူရေးလိုက်တာလေ”

“အသံထွက်တစ်ခုမှားတာဟာ တော်တော်အရေးကြီးတာပေါ့နော် ဘဘ”

“အရေးကြီးတာပေါ့ သမီးရဲ့ အဲဒီ ‘အတ်နဲ့ အက်’ အပြန်အလှန်မှားပြီး ရောရောထွေးထွေးဖြစ်နေတာကို ထိန်းသိမ်းတည့်မတ်ပေးဖို့ လိုတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဘဘ”

“နောက်တစ်ခုက လူငယ်တချို့စကားပြောတဲ့အခါ ပုံမှန်ပြောင်းတဲ့ အသံတွေကို မပြောင်းဘဲ နဂိုအတိုင်းပြောတော့ မြန်မာတစ်ယောက်ပြောတာနဲ့ မတူဘူး၊ နိုင်ငံခြားသားတစ်ယောက် ပြောနေသလိုပဲလေ”

“ဘယ်လိုပြောပုံမျိုးလဲဟင်၊ ဘဘ”

“စကားပြောရာမှာ ရှေးကတည်းက အစဉ်အဆက်လိုက်နာကျင့်သုံးတဲ့ အချက်တစ်ချက်ရှိတယ်၊ အာထား လျှာထားလွယ်ကူအောင် သိပ်အားမထုတ်ရဘဲ ပေါ့ပေါ့ပါးပါးပြောနိုင်အောင် တချို့အသံတွေကို ပြောင်းပြီး ပြောကြတာ အစဉ်အဆက်ကျင့်သုံးတဲ့ နည်းတစ်ခုပဲကွဲ့”

> **“သမီးသတိထားပြီး နားထောင်ကြည့်တော့ သူပြောတဲ့ စကားမှာ ကသတ်သံကို တသတ်သံနဲ့ချည်းပြောနေတာ သတိထားမိပါတယ် ဘဘ၊ ‘ပတ်ဝန်းကျင်’ ကိုကျတော့ ‘ပက်ဝန်းကျင်-တဲ့’၊ ‘လုပ်တတ်တယ်ကျတော့ လုပ်တက်တယ်’ တဲ့၊ အဲဒီလိုတွေ ဖြစ်နေလို့ပါ ဘဘ ”**

“ဘယ်လိုပြောင်းတာပါလဲ ဘဘ”

“လွယ်လွယ်ပြောရရင် ‘သူ့ထက်သာတယ်’ ဆိုတဲ့ စကားကို သမီးဘယ်လိုအသံထွက်ပြီးပြောမလဲ”

“ /သူ့ဒက်သာဒယ်/ လို့ ပြောပဲ့မယ် ဘဘ”

“မူရင်းက ‘ထက်’ဖြစ်ပေမယ့် /သူ့ထက်/ လို့ ပြောရင် နည်းနည်းအားထုတ်ရတယ်၊ အချုပ်ပြောရရင် ‘သူ’ မှာပါတဲ့ အူကသရသံ၊ အသံပြင်းတယ်၊ ဆက်ပြောရတဲ့ ထက်မှာပါတဲ့ ‘ထ’ က အသံပျော့တယ်၊ ဒီတော့ အသံပြင်းနဲ့ အသံပျော့တစ်ဆက်တည်းပြောရတာ အာထားလျှာထားခက်တယ်၊ အားစိုက်ရတယ်၊ ‘ထက်’ ကို ‘ဒက်’ လို့ ပြောင်းလိုက်တော့ သံပြင်းဖြစ်သွားတယ်၊ သံပြင်းသံပြင်းချင်း တစ်ဆက်တည်းပြောရတာက အားထုတ်ရတာသက်သာတယ်၊ ဒါကြောင့် အသံနှစ်သံကို တစ်ဆက်တည်းပြောတဲ့အခါ နောက်က အသံတချို့ကို ပြောင်းပြောကြတယ်၊ ဒါအစဉ်အလာပဲ၊ အသံပြောင်းတယ်ဆိုပေမယ့် ပြောင်းချင်သလိုပြောင်းတာ မဟုတ်ဘူး၊ စနစ်တကျ ပြောင်းတာပါ၊ သမီးသိသာရုံပြောတာပါ၊ ဒါကြောင့် ‘ထက်’ကို ‘ဒက်’ လို့ အသံပြောင်းတာပါ”

“ဟုတ်ကဲ့၊ သမီးမှတ်ထားပဲ့မယ်”

“ဒါပေမယ့် သမီးရယ်၊ ဒီနေ့လူငယ်တချို့က အသံပြောင်းလေ့ရှိတဲ့ အသံတွေကို မပြောင်းဘဲ သူ့မူလအသံအတိုင်း /သူ့ထက်သာ/ ဆိုတာမျိုး အားစိုက်ပြီး ပြောနေ တာ သိပ်သဘာဝမကျဘူးလေ”

“ဟုတ်ကဲ့ပါ”

“ခပ်လွယ်လွယ်သာဓကတစ်ခုပြပါဦးမယ်၊ အသံနှစ်သံကို တစ်ဆက်တည်းဆိုရင်နောက်ကအသံကို ပြောင်းရတာတွေရှိတယ်၊ မူရင်းက ပါးပါးလေး လို့ ရေးရပေမယ့် အသံထွက်တော့ /ပါးဗားလေး/ လို့ ထွက်တယ်မဟုတ်လား”

“ဟုတ်ပါတယ် ဘဘ”

“ ‘ပါး’ ကို ‘ဗား’ လို့ ပြောင်းဆိုရတာ သက်သောင့်သက်သာရှိတယ်၊ အဲဒါသရုပ်ဆောင်တစ်ယောက်က အသံမပြောင်းဘဲ /ပါးပါးလေး/ လို့ ပီပီသသ ပြောတာကို တချို့က အတုယူပြီး အဲဒီလို လိုက်ပြောရာက အဲဒီပြောပုံမျိုးတွေဖြစ်လာတာပဲ၊ ပေါ့ပေါ့ပါးပါးကို /ပေါ့ဗော့ပါးဗား/ လို့ အသံထွက်ပေမယ့် တချို့က /ပေါ့ပေါ့ပါးပါး/ လို့ပဲ အသံမပြောင်းဘဲ ပြောနေကြတယ်လေ၊ စောစောစီးစီးကို /စောဇော စီးဇီး/ လို့ အသံထွက်ရပေမယ့် တချို့က /စောစောစီးစီး/ လို့ အသံမပြောင်းဘဲ ခက်ခက်ခဲခဲ ပြောနေတာမျိုးတွေ ကြားနေရတယ်၊ အဲဒါမျိုးပြောတာပါ”

“ဟုတ်ကဲ့၊ သတိထားစရာပါ ဘဘ”

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင် သို့မဟုတ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ ယင်းအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ ထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်း။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင်တစ်ခုခုရရှိရန် ဤဥပဒေ အရ လျှောက်ထားရာတွင် မမှန်မကန် ဖော်ပြခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသော ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင်ကို မရိုးမဖြောင့်သော သဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။

၄၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၄၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်း ကြံစည်လျှင်ဖြစ်စေ၊ အားပေး ကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် အတိုင်း ချမှတ်ခြင်းခံရမည်။

၄၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှု တန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့် ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အဦ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို သဘာဝ ထိန်းသိမ်းရေး နယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

**အခန်း (၁၂)**

**ကင်းလွတ်ခွင့်များ**

၄၆။ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်သည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စား ဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို တရားဝင်ခွင့်ပြုချက်ရယူပြီး ဖော်စပ်ထားသော ဆေးဝါးနှင့် လူသုံးပစ္စည်းများကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

**အခန်း (၁၃)**

**အထွေထွေ**

၄၇။ The Wild Life Protection Act, ၁၉၃၆ အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ကြေညာထားသည့် သဘာဝနယ်မြေများကို ဤဥပဒေအရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

၄၈။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင် လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီ တောင်းခံလာလျှင် လိုအပ်သော အကူအညီများကိုပေးရမည်။

၅၀။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသော ငွေများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၅၁။ ဤဥပဒေအရ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများ မထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကျူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၃။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၆/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မျိုးစေ့ထုတ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေ

**နေပြည်တော် မေ ၂၅**

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ ပညာရှင်များ၊ မျိုးစေ့ကုမ္ပဏီများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ မျိုးစေ့ကဏ္ဍတွင် ဖြစ်ပေါ်လာနိုင်သည့် မျိုးစေ့ဆိုင်ရာ ပြဿနာများ၊ ကြုံတွေ့ရမည့် အခက်အခဲများကို စားပွဲဝိုင်းပုံစံဖြင့် စုပေါင်းဆွေးနွေးအဖြေရှာသည့် အလေ့အကျင့်ကောင်းများရရှိရန် ရည်ရွယ်ပြုလုပ်သည့် 3rd National Seed Sector Platform Meeting အစည်းအဝေးကို မေလတတိယပတ်က နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေး၌ မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍနှင့် တွဲဖက်ဆောင်ရွက်နိုင်မှုပုံစံများ တင်ပြဆွေးနွေးခြင်း၊ ပြဋ္ဌာန်းထားရှိပြီးဖြစ်သော အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကို ချပြဆွေးနွေးခြင်း၊ မျိုးစေ့ဆိုင်ရာလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ဖြင့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC)မှ မျိုးစေ့ အရည်အသွေးလုံခြုံမှုဆိုင်ရာများနှင့် ပတ်သက်၍ အစောပိုင်း အရည်အသွေးထိန်းချုပ်ခြင်းသာမက နောင်းပိုင်းအရည် အသွေးထိန်းချုပ်ခြင်း လုပ်ငန်းများကိုပါ မြန်မာနိုင်ငံတွင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တောင်သူတွေ အသုံးပြုနေတဲ့ မျိုးတွေသန့်ဖို့ကလည်း အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်၊ မျိုးသန့်လိုအပ်မှုကို တောင်သူတွေ သိရှိကြပေမယ့် မျိုးသန့်ရရှိဖို့ကို တောင်သူတိုင်း မလုပ်နိုင်ခဲ့ဘူး၊ ကိုယ်တိုင်မျိုးသန့်ထုတ်လုပ်လို့ရနိုင်တယ်ဆိုတဲ့ နည်းလမ်းကိုလည်း မသိခဲ့ကြပါဘူး၊ ဒါကြောင့်မို့ တောင်သူတွေကို မျိုးသန့်တွေ ကိုယ်တိုင်ထုတ်လုပ်နိုင်ဖို့ကိုလည်း တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနတွေက ဝန်ထမ်းတွေအနေနဲ့ တောင်သူတွေကို သင်တန်း တွေပေးနေတာတွေရှိပါတယ်၊ နောက်ပြီး တောင်သူတွေဆီက ထွက်တဲ့သီးနှံတွေ ပြည်ပကိုတင်ပို့နိုင်ဖို့နဲ့ အရည်အသွေးကောင်း သီးနှံတွေဖြစ်ဖို့အတွက် GAP စိုက်ပျိုးနည်းနဲ့ စိုက်ပျိုးသွားဖို့ တောင်သူ ဆွေးနွေးပွဲတွေ လုပ်ပေးလျက်ရှိပါတယ်၊ တချို့တောင်သူတွေဆို သူတို့ကိုယ်တိုင် GAP စိုက်ပျိုးနည်းစနစ်တွေကို သဘောကျပြီး လေ့လာစိုက်ပျိုးနေတာတွေလည်း ရှိပါတယ်၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအစည်းအဝေးကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံ Wageningen University တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က အမှာစကားပြောကြားပြီး ပြည်တွင်းပြည်ပ ပညာရှင်များ၊ မျိုးစေ့ကုမ္ပဏီများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC) အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

## လွယ်ဂျယ်မြို့ရှိ စစ်ရှောင်စခန်းများ၌ ရိက္ခာဖူလုံမှုအခြေအနေ ဆန်းစစ်

**ဗန်းမော် မေ ၂၅**

UN မြစ်ကြီးနားရုံးခွဲ၊ WFP မှ စီမံကိန်း တာဝန်ခံ ဂျပန်နိုင်ငံသား Mr. Girofumi Waranabe နှင့်အဖွဲ့သည် မေ ၂၂ ရက်က ကချင်ပြည်နယ် ဗန်းမော် ခရိုင် လွယ်ဂျယ်မြို့ ဆိုင်းဂျာရပ်ကွက်ရှိ စစ်ရှောင်စခန်းတာဝန်ခံ ဦးလရှီတူးနန်၊ အောင်ဇေယျာရပ်ကွက်ရှိ နှစ်ခြင်းဘုရားရှိခိုးကျောင်းရှိ စခန်းတာဝန်ခံ ဒေါ်နန်အွဲ၊ လီဆူစစ်ရှောင်စခန်းတာဝန်ခံ ဒေါ်လုဒီတို့အား တွေ့ဆုံခဲ့ပြီး စစ်ရှောင်စခန်းများရှိ စားနပ်ရိက္ခာဖူလုံမှုအခြေအနေ လေ့လာ ဆန်းစစ်ခြင်းနှင့် ကွင်းဆင်းလေ့လာခြင်းများ ပြုလုပ်ခဲ့သည်။

လွယ်ဂျယ်မြို့တွင် နယ်မြေတိမ်းရှောင်စခန်း ခြောက်ခု၊ အိမ်ထောင်စု ၄၁၈ စုရှိပြီး လက်ရှိလူဦးရေ စုစုပေါင်း ၂၄၁၅ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## HIV ကူးစက်ဖြစ်ပွားမှု ကချင်ပြည်နယ် အမြင့်ဆုံးဖြစ်

**မြစ်ကြီးနား မေ ၂၅**

မြန်မာတစ်နိုင်ငံလုံးတွင် HIV (ခုခံအားကျဆင်းစေသည့်ရောဂါပိုး)ကူးစက်ဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်ပွားနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင် ကချင်ပြည်နယ်သည် HIVဖြစ်ပွားမှုနှုန်းအမြင့်ဆုံးဖြစ်နေကြောင်း ကချင်ပြည်နယ် ခုခံအားကျ/ကာလသားတိုက်ဖျက်ရေးဌာနမှ သိရသည်။

ပြည်နယ်အတွင်းတွင် မူးယစ်ဆေးဝါးအကြောထဲ ထိုးသွင်းသုံးစွဲသူများနှင့် ၎င်းတို့၏ လိင်ဆက်ဆံဖော်များတွင် HIVရောဂါပိုး အမြင့်ဆုံးဖြစ်ပွားနေကြောင်း၊ ထို့ကြောင့် ယင်းဖြစ်ပွားမှုနှုန်းမှ ကာကွယ်တိုက်ဖျက်ရေးကို ယခင်ကထက် ပိုမိုထိရောက်သည့် အစီအမံများရေးဆွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယင်းဌာနမှ စီမံချက်မန်နေဂျာဒေါက်တာထွန်းညွန့်ဦးက ပြောသည်။

မြန်မာတစ်နိုင်ငံလုပ်ငန်းတွင် မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းသုံးစွဲသူများအကြား HIVရောဂါပိုးကူးစက်သူ ရှစ်သောင်းကျော်ရှိနေပြီး ကချင်ပြည်နယ်တွင် ၂၆ ရာခိုင်နှုန်းဖြစ်ပွားနေကာ လေ့လာဆန်းစစ်ချက်များအရ ရောဂါပိုးဖြစ်ပွားမှုနှုန်းမှာ မြင့်မားနေပြီး ရောဂါအသစ်ဖြစ်ပွားသူကူးစက်မှုနှုန်းမှာ လည်း သိသိသာသာကျဆင်းလာခြင်းမရှိကြောင်း ခုခံကျ/ ကာလသားတိုက်ဖျက်ရေးဌာနမှ သိရသည်။

**မင်းမင်းဦး**

# နေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား မေ ၂၅**
ကချင်ပြည်နယ်အတွင်း နယ်မြေမတည်ငြိမ်မှုများကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့ရောက်ရှိလာကြသည့် ဒေသခံပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို မေ ၂၁ ရက်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်၍ ပထမအကြိမ်မြောက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက်က မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ မလိခခန်းမ၌ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအဖွဲ့ဝင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကချင်ပြည်နယ်အတွင်း နယ်မြေမလုံခြုံမှုကြောင့် နေရပ်စွန့်ခွာစခန်းအသီးသီးတွင် ရောက်ရှိနေထိုင်သည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအား ထောက်ပံ့ကူညီနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးဇော်မျိုးညွန့်က ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များအားရှင်းလင်းတင်ပြကာ နေရပ်စွန့်ခွာပြည်သူများနှင့် ပတ်သက်၍ ကချင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် ဧပြီလအထိ အိမ်ထောင်စုပေါင်း ၈၂၀၀ ကျော်နှင့် ဆွေမျိုးနီးစပ်ရာ၌ နေထိုင်သည့် အိမ်ထောင်စုပေါင်း ၁၁၀၀ ကျော်ရှိကြောင်း ရှင်းလင်းပြောကြားကာ ကူညီထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းစဉ်များအား လူမှုရေးဝန်ကြီးနှင့် တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် နေရပ်စွန့်ခွာပြည်သူများ၏ နေထိုင်ရေး၊ပညာရေး၊ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကာ အခမ်းအနားသို့ ဦးစီးကော်မတီမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ဆပ်ကော်မတီကိုးခုမှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## တတိယအကြိမ်မြောက် မရမာကြီး အမျိုးသားနေ့ စစ်တွေမြို့၌ ကျင်းပမည်

**စစ်တွေ မေ ၂၅**
မရမာကြီးတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရခိုင်ပြည်နယ်)မှ ကြီးမှူး၍ တတိယအကြိမ်မြောက် မရမာကြီး အမျိုးသားနေ့ကို စစ်တွေမြို့၌ မေ ၂၉ ရက် (နယုန်လပြည့်နေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ် မရမာကြီးအမျိုးသားနေ့ကို ကျောက်ဖြူမြို့တွင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်နှင့် ယခုတတိယအကြိမ်ကို စစ်တွေမြို့တွင် ကျင်းပခြင်းဖြစ်ပါတယ်၊ မရမာကြီး အမျိုးသားနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားလူမျိုးတစ်မျိုးတွင် မိမိတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်တို့ကို ဖော်ထုတ်ပြသနိုင်မယ့် အမျိုးသားနေ့ ဆိုတာရှိသင့်ပါတယ်၊ ဒီလို မိမိတို့ရဲ့အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မိမိတို့လူမျိုးစုရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ဖော်ထုတ်ခွင့်ရရှိပြီး ပြည်နယ်အတွင်း ဖြန့်ခွဲနေထိုင်ကြသည့် မရမာကြီးတိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် ဒေသနေတိုင်းရင်းသားအားလုံးတို့နှင့်လည်း စည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရန်ဖြစ်ပါတယ်၊ မရမာကြီး တိုင်းရင်းသားတို့ရဲ့သမိုင်းကြောင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုစီးပွားဘဝတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဖော်ထုတ်လိုစိတ်နှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကို ခေတ်လူငယ်များ သိရှိလာစေရန်အတွက်လည်း ဖြစ်ပါတယ်၊ အခုနှစ် တတိယအကြိမ်မြောက် အမျိုးသားနေ့ကိုတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ရန်ပုံငွေ ၁၅ သိန်းချပေးလို့ ယခင်နှစ်ကထက် ပိုမိုစည်ကားအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ အမျိုးသားနေ့ ကျင်းပရေးအတွက် မေ ၂၀ ရက်က စစ်တွေမြို့မရမာကြီးကျောင်းဟောင်း ပရိယတ္တိစာတိုက်တွင် မြို့ပေါ်ရှိ မရမာကြီးတိုင်းရင်းသားများအား အစည်းအဝေးဖိတ်ခေါ်ပြီး တွေ့ဆုံညှိနှိုင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု အမျိုးသားနေ့ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်နုက ပြောသည်။

မရမာကြီးတိုင်းရင်းသားတို့သည် ရခိုင်မျိုးနွယ်စု ခုနစ်စုထဲတွင် မျိုးနွယ်စုတစ်စုအနေဖြင့် ပါဝင်ပြီး အမျိုးသားနေ့ကို ရိုးရာအကပဒေသာများ၊ ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမည့် အစီအစဉ်များလည်း ပါဝင်အောင် စီစဉ်ဆောင်ရွက်ထားရှိကာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရခိုင်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန စစ်တွေမြို့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စာရေးဆရာ၊ သတင်းစာ ဆရာများ၊ မီဒီယာများနှင့် ရခိုင်ပြည်နယ်ရှိ ညီနောင်တူ ဖွား ရခိုင်၊ သက်၊ မရမာကြီး၊ သက္ကမ (ဒိုင်းနက်)၊ ခမီ၊ မြို၊ ချင်း၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ဖိတ်ကြား၍ စုပေါင်းအင်အားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## မြန်မာ- ထိုင်း အိုင်တီနှင့် ဒစ်ဂျစ်တယ်ပြပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၂၅**
နှစ်နိုင်ငံ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် မြန်မာ-ထိုင်း အိုင်တီနှင့် ဒစ်ဂျစ်တယ်ပြပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ Pullman Yagon Center-point ၌ မေ ၂၄ ရက်နံနက် ၁၀ နာရီတွင် ကျင်းပသည်။

"ဒီနေ့ မြန်မာနဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံတို့ ပူးပေါင်းပြီး အိုင်တီ၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူနှစ်နိုင်ငံစီးပွားရေး အထောက်အကူပြုဖြစ်ဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်၊ ထိုင်းနိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနက ဦးစီးတာပါ၊ ဒီပွဲမှာ အဓိက မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံကြားမှာရှိတဲ့ အိုင်တီစီးပွားရေးဆိုင်လုပ်ငန်းနဲ့ ဒစ်ဂျစ်တယ် လုပ်ငန်းတွေကို တိုးတက်အောင် ချိတ်ဆက်လုပ်ဆောင်ချင်တဲ့သဘောပါ၊ မြန်မာနိုင်ငံနေနဲ့လည်း အိုင်တီလုပ်ငန်းက စတင်ဖွံ့ဖြိုးနေပြီဆိုတော့ သူတို့စိတ်ဝင်စားလာကြတယ်၊ ဒီမှာလည်း ဆော့ဝဲလ်တွေကအစ တိုးတက်နေပြီဆိုတော့ သူတို့စိတ်ဝင်စားမှုမြင့်တက်လာကြတယ်၊ ထိုင်းအနေနဲ့ကတော့ ကျွန်တော်တို့ထက် ခြေတစ်လှမ်းစောတယ်လို့ ပြောရမယ်၊ ဒါပေမယ့် ဒီက အိုင်တီပညာရှင်တွေ ပေါင်းစပ်လုပ်ကိုင်ချင်တဲ့ သဘောဆန္ဒရှိလို့ အခုလိုပွဲမျိုးလေး လုပ်ဖြစ်တာပါ၊ ဒီပွဲက ဘယ်လိုရလဒ်မျိုးရမလဲဆိုရင် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ကြား စီးပွားရေးလုပ်ငန်းတွေ ပိုမိုချိတ်ဆက်ပြီး ယခင်ကထက်ဖွံ့ဖြိုးတိုးတက်ဖို့ မျှော်လင့်ထားပါတယ်" ဟု အဆိုပါ မြန်မာ- ထိုင်း အိုင်တီနှင့် ဒစ်ဂျစ်တယ်ပြပွဲကို စီစဉ်သူ ကိုဖြိုးကိုကိုနိုင်က ပြောသည်။



မြန်မာ-ထိုင်း အိုင်တီနှင့် ဒစ်ဂျစ်တယ်ပြပွဲကြီးသို့ လာရောက်လေ့လာသူများအား တွေ့ရစဉ်။

အဆိုပါ မြန်မာ-ထိုင်း အိုင်တီနှင့် ဒစ်ဂျစ်တယ်ပြပွဲသို့ ထိုင်းကုမ္ပဏီ ၁၆ ခုလာရောက်ပြီး ယင်းထဲတွင် Stock Share ဝင်ကုမ္ပဏီကြီး သုံးခုပါ လာရောက်ပြသကြသည်။ လာရောက်ပြသသော ကုမ္ပဏီအများစုမှာ ဒစ်ဂျစ်တယ် တီဗွီ၊ ဒစ်ဂျစ်တယ်မဂ္ဂဇင်း၊ ဒစ်ဂျစ်တယ်ဂျာနယ်၊ Payment ကတ်၊ ငွေကြေးပိုင်းဆိုင်ရာ ဆော့ဝဲလ်၊ Taxi application၊ ဆက်သွယ်ရေးကုမ္ပဏီများ၊ ဈေးကွက်ဆော့ဝဲလ်ကုမ္ပဏီများနှင့် နည်းပညာမြင့်စီးပွားရေးဆော့ဝဲလ်ကုမ္ပဏီများ လာရောက်ပြသသည်။ ယင်းပြပွဲကို ယခုထိုင်းစီးပွားရေး သံမှူးလက်ထက်တွင် အိုင်တီအနေနဲ့ ပထမဆုံးဖြစ်ပြီး မေ ၂၄ နှင့် ၂၅ ရက်တွင်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ကျင်းပသော မြန်မာ-ထိုင်း အိုင်တီနှင့် ဒစ်ဂျစ်တယ် ပြပွဲတွင် ထိုင်းစီးပွားရေးသံမှူး မစ္စတာပကိုင်းနေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းကုမ္ပဏီမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ- မင်းထက်**

## မြောင်းမြမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ရန် မြစ်ချောင်းအတွင်း စပါးခွံများစွန့်ပစ်မှုအား တားဆီးညှိနှိုင်း

**မြောင်းမြ မေ ၂၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၄ ရက် ညနေ ၆ နာရီက သဘာဝပတ်ဝန်းကျင် ကာကွယ်တားဆီးနိုင်ရန်အတွက် မြစ်ချောင်းအတွင်း စပါးခွံများ စွန့်ပစ်မှုကို တားဆီးညှိနှိုင်းမှုတစ်ရပ်ပြုလုပ်ခဲ့သည်။

မြောင်းမြမြို့သည် ဆန်စက်လုပ်ငန်း များပြားလှသော မြို့တစ်မြို့ဖြစ်ပြီး စပါးခွံများအား မြစ်၊ ချောင်းများအတွင်း စွန့်ပစ်သောကြောင့် ရေထုညစ်ညမ်းလာသဖြင့် ရေသတ္တဝါများ သေကျေပျက်စီးမှုရှိလာခြင်း၊မြောင်းမြတံတားပြတ်ကျပြီးနောက် သွားရေးလာရေး အဆင်ပြေစေရန် ပြေးဆွဲပေးသော ဇက်ရေယာဉ်များ၏ စက်ပိုင်းဆိုင်ရာ ပျက်စီးမှုရှိလာခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်အတွက် စပါးခွံများ မြစ်၊ ချောင်းအတွင်း စွန့်ပစ်မှုတားဆီးရန်ညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဆန်စက်လုပ်ငန်းရှင်များမှ စပါးခွံများအား စွန့်ပစ်မှုဆိုင်ရာနှင့်ပတ်သက်ပြီး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးက "စပါးခွံများစွန့်ပစ်မှုကို ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် မြစ်ချောင်းများအတွင်း မစွန့်ပစ်ကြဖို့ ကိုယ်စီကိုယ်င လိုက်နာပေးစေလိုပါတယ်၊ မိမိတို့ဆန်စက် ဝန်ထမ်းများကို ကြီးကြပ်ပေးခြင်းဖြင့်လည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေလိုပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဖျာပုံ၌ ကလေးဗဟိုပြုသင်ကြားနည်းသစ် အလုပ်ရုံဆွေးနွေးပွဲသို့ ဆရာ ဆရာမ ၇၀၀ ကျော်တက်

**ဖျာပုံ မေ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယတန်း သင်ရိုးသစ် (ကျောင်းအုပ်စုအဆင့်)အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးခြင်း အထိမ်းအမှတ်အခမ်းအနားကို မေ ၂၃ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါ ခန်းမ၌ ပြုလုပ်ခဲ့သည်။

"သင်ရိုးသစ်ကို ကြိုဆိုပါတယ်၊ ဒီသင်ရိုးတွေအတိုင်း လက်တွေ့သင်ကြားကြမယ်ဆိုရင် ကျောင်းနေပျော်ပြီး စာတော်တဲ့ ကျောင်းသား ကျောင်းသူတွေဖြစ်လာမယ်လို့ ယုံကြည်ပါတယ်၊ ကျေးလက်တွေမှာ ရင်ဆိုင်နေရတဲ့ ပညာရေးဆိုင်ရာ အဓိက အခက်အခဲက အဆောက်အအုံ မပြည့်စုံတာရယ်၊ ဝန်ထမ်းအင်အားလိုအပ်ချက်ရှိနေတာရယ်ပါ၊ တဖြည်းဖြည်း ဖြည့်ဆည်းလိုက်ကြရင် မျှော်မှန်းထားတဲ့ ပညာရေးရည်မှန်းချက်တွေ အောင်မြင်မယ်လို့ ပြည့်ပြည့်ဝဝယုံကြည်ပါတယ်"ဟု ဆွေးနွေးပွဲ တက်ရောက်ခဲ့တဲ့ ဆရာတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဖျာပုံခရိုင် ပညာရေးမှူးရုံးမှ ဆရာကြီး ဦးအောင်ဇေယျနှင့် ဖျာပုံမြို့နယ်ပညာရေးမှူး ဆရာဦးတိုးဝင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆွေးနွေးပွဲတွင် အုပ်စုလိုက် ထူးချွန်ဆုရ အဖွဲ့များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

"သင်ရိုးစနစ်သစ်မှာ အဓိက ထူးခြားချက်တွေက ကလေးကို ဗဟိုပြုချဉ်းကပ်ပြီး ကလေးများကိုယ်တိုင် ပါဝင်လုပ်ဆောင်စေတဲ့ သင်ကြားခြင်းနဲ့ အခုဆရာ ဆရာမတွေကို သင်တန်းပုံစံ ပို့ချပေးခြင်းမဟုတ်ဘဲ ဆရာ ဆရာမတွေကိုယ်တိုင် အုပ်စုငယ်လေးတွေဖွဲ့ပြီး ပါဝင်ဆွေးနွေးသည့် သင်ကြားမှုပုံစံမျိုးဖြင့် ဘာသာရပ် ၁၀ မျိုးအတွက် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက ပြောသည်။ဆွေးနွေးပွဲကို မေ ၅ ရက် မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့ပြီး ဖျာပုံမြို့နယ်အတွင်းမှ ဒုတိယတန်းသင် ဆရာ ဆရာမ ဦးရေ ၇၀၀ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



## တောင်သူ ၂၀၀၀ အတွက် ကျပ်သိန်း ၁၈၀၀၀ ကျော် ကျိုက်မရော၌ ထုတ်ချေး

**ကျိုက်မရော မေ ၂၅**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ငွေများကို မေ ၁၇ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ မေ ၂၄ ရက်အထိ ကျေးရွာအုပ်စု သုံးခုမှ လယ်ဧက ၃၀၈ ဧက အတွက် ချေးငွေပေါင်း ၄၆၂ သိန်း စတင်ထုတ်ချေးပြီး ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်သီတာထွန်းက ပြောကြားသည်။ ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ကျိုက်မရောမြို့နယ်အတွင်းရှိ လယ်သမားဦးရေ ၂၀၀၀ လယ်ဧက စုစုပေါင်း ၁၂၃၀၇ ဧက အတွက် ငွေပေါင်း ၁၈၄၆၀၅၀၀၀၀ ကျပ်တိတိကို ဇွန် ၂၉ ရက်အပြီး တောင်သူလယ်သမား လက်ဝယ်အရောက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စည်းလွတ် ဝါးလွတ် ဒေတာအတွက်

# ananda ရဲ့ 4G+

only
**35,000 Ks**
for SIM + mifi + 30 days
unlimited data to share




mifi ဆိုတာ သယ်ဆောင်ရလွယ်ကူပြီး
ဘယ်ပဲရောက်နေရောက်နေ device ၁၀ လုံးအထိ
ချိတ်ဆက်သုံးစွဲလို့ရတဲ့ ပစ္စည်းလေးဖြစ်ပါတယ်။

**buy now**

www.ananda.com.mm
anandalivemore

ananda

**အမည်မှန်**

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မိုးစိစ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အဋ္ဌမတန်း အောင်မြင်သော မအေးမိစံ၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ မမြင့်မြတ်သူဇာ ၁/ရကန(နိုင်)၀၇၅၂၃၃ ဖြစ်ပါကြောင်း။ **မမြင့်မြတ်သူဇာ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ပိသလိမ်းကျေးရွာအုပ်စု၊ သဲဖြူကျေးရွာနေ (ဘ)ဦးသံဂိ၏ သား ဖြစ်သူ ဦးဝိုင်းကြည် ၈/သရန(နိုင်) ၀၆၉၄၃၂နှင့် မင်းတုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ စာအမှတ် ၄/၃၁-၁(၇၇၉)/ဦး ၆ပါ ဦးဝမ်းကြည် တို့မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူ တစ်ဦးတည်းမှာ မှန်ကန်ပါကြောင်း။

**ဦးဝိုင်းကြည် ၈/သရန(နိုင်)၀၆၉၄၃၂**

**G.E.C**

**အသက်ရှူအောက်ဆီဂျင် ရောင်း/ငှား**

ဦးဝိစာရအိမ်ရာ၊ တိုက် ၆၊ အခန်း၃၊ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်အလွန်၊ ဒဂုံပန်းခြံရှေ့၊

**ဖုန်း-၀၉-၄၉၂၂၄၄၆၂၊၀၉-၅၀၁၇၃၀၈**

**$O_2$ မန္တလာ**

**အသက်ရှူအောက်ဆီဂျင် ရောင်း/ငှား**

အမှတ် ၄၄၊ ၇၅လမ်း၊ ၂၇×၂၈လမ်းကြား၊ (ဦးဟန်တင်ဆေးဆိုင်နှင့် မျက်နှာချင်းဆိုင်)

**ဖုန်း-၀၉-၉၁၀၄၅၃၆၅၊ ၄၀၂၆၀၂၀၆၆၊ ၅၀၁၇၃၀၈၊ ၈၆၃၅၅၀၀**


## ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး တည်ဆောက်ရေးနှင့် စက်ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူ မှုစိစစ်ရေးကော်မတီမှ လိုအပ်သောအဆောက်အအုံများ နှင့် ရုံးသုံးစက်ပစ္စည်းများဝယ်ယူခြင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်း နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင် သွင်းခြင်းနှင့် ပတ်သက်၍ ProFile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်း အား ၂၅-၅-၂၀၁၈ရက်မှစ၍ ရုံးအမှတ် (၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် ၃၁-၅-၂၀၁၈ရက် ၀၉း၀၀မှ ၁၀း၀၀နာရီထိ ရုံးအမှတ် (၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စုစည်းခန်းမတွင် တင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၄၃၇၊၀၆၇-၃၄၁၂၆၃၄များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တည်ဆောက်ရေးနှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ

## ကြေညာချက်

## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် ( ၁၅ ) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆု လက်မှတ်များအား အကွဲရာ (၄၅) လုံး ရောင်းချခဲ့ရာ ရောင်းရငွေအပေါ် ၆၀% ဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၇) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၃) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၁၅) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၁၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | (၁၂၄၁၈၂) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာ၊ ဆုတောင်းပြည့်၊ ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယ ဆွမ်းကြီးလောင်း ကပ်လှူပူဇော်ပွဲနှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ရက်မှ ၁၅ ရက်အထိ) ၁၉-၈-၂၀၁၈ ရက်မှ ၂၆-၈-၂၀၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း လုပ်ငန်းကြီး(၉)မျိုးအနက်မှ

(၁) ဈေးကြီးလုပ်ငန်း

(၂) ဈေးလေးလုပ်ငန်း

(၃) ရွှေဆိုင်းရောင်းချရေးလုပ်ငန်း (၃)မျိုးကို ဆုတောင်းပြည့်၊ ဆုတောင်းရဂေါပကအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည် ဖြစ်ပြီး ကျန်လုပ်ငန်း (၆) မျိုးဖြစ်သော

(၁) ညောင်ပင်ဝိုင်းမြေနေရာ

(၂) ဓာတ်ရုံ(၁)မြေနေရာ

(၃) ဓာတ်ရုံ(၂)မြေနေရာ

(၄) ရုပ်ရှင်(သို့)ဆက်ကပ်၊ မျက်လှည့်

(၅) ရေနှင့်သန့်စင်ခန်းလုပ်ငန်း

(၆) လျှပ်စစ်လုပ်ငန်း(၆)မျိုးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တောင်ပြုံး ဆုတောင်းပြည့်၊ ဆုတောင်းရ ဂေါပကရုံးခန်းတွင် ၃၁-၅-၂၀၁၈ရက်မှ ၅-၆-၂၀၁၈ ရက်အထိ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီထိ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀၀ိ/-ကျပ်တစ်သောင်းတိတိနှုန်းဖြင့် ဆက်သွယ်ဝယ်ယူ နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၂။ အိတ်ဖွင့်တင်ဒါ(၆)မျိုးကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၆-၆-၂၀၁၈ ရက်တွင် မတ္တရာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နံနက် ၉ နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၃။ ဈေးဆိုင်ခန်းများအား ပထမဝါဆိုလပြည့်နေ့တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**
**မတ္တရာမြို့နယ်၊ တောင်ပြုံးကြီး**
**ရုံး- ဖုန်း-၀၉-၇၈၄၉၈၄၇၉၇**
**ဥက္ကဋ္ဌ- ဖုန်း-၀၉-၂၅၉၂၀၅၆၄၄**

## မသန်စွမ်းသူများအတွက်(အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာသင်တန်းသား/သူခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနနှင့် AAR Japan တို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့် ဂျပန်နည်းပညာစက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာ သင်တန်းများကို တစ်နှစ်လျှင်(၃)ကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ အသက်(၁၈)နှစ် မှ(၄၀) အတွင်း လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင် နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းသား/သူ တစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan သက်မွေးပညာသင်တန်းကျောင်းတွင် အခမဲ့ ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျှင် အပတ်စဉ်တိုင်းတွင် ထည့်သွင်း စဉ်းစားပေးပါသည်

**တတိယအပတ်စဉ် ၂၀၁၈ ခုနှစ်သင်တန်းအတွက်**

**လျှောက်လွှာပိတ်မည့်ရက်** - ၃၀-၆-၂၀၁၈ရက်

**သင်တန်းကာလ** - ၂၀၁၈ခုနှစ် စက်တင်ဘာ ၃ရက်မှ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၄ ရက်အထိ။

**ဆက်သွယ်စုံစမ်းရန်လိပ်စာ** - AAR Japan မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၃၄၃၇၀၁

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်း များကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ် အပ်ပါသည်-

(က) ဘိလပ်မြေ(ပြည်တွင်း) ၇၀၀၀၀၀ အိတ်

(ခ) ကျောက်စရစ် ၃၄၆၀၀ ကျင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၅-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၈ ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအားမြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက် များကို ဖုန်း-၃၈၈၇၃၂သို့လည်းကောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၁၉၄၁၆၃သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင် ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation ၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၇)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133





## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်မှန်

အရာတော်မြို့နယ်၊ ငါးရဟိုးကျေးရွာမှ ဦးကျော်ဇောအောင်၏ သမီး အလက(ခွဲ) တတိယတန်းမှ မခိုင်ဇာလီအား မဆောင်းအိန္ဒြာဝေဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၂၀၁၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက(၁) နဝမတန်းမှ မဝါဝါလွင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၅/ယမပ(နိုင်)၁၀၄၆၆၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဟန်နီစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးပေ ၃/ကလန(နိုင်)၀၆၂၇၀၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ စစ်အောင်အုပ်စု ဉယျာဉ် အလက ပဉ္စမတန်းမှ မစပယ်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၈/အလန(နိုင်)၁၂၈၄၄၈ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အင်းလယ်အုပ်စု၊ ဉယျာဉ်မူလွန်ကျောင်း သတ္တမတန်းမှ မအေးသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးသန်းရွှေ ၈/မထန(နိုင်)၀၄၀၁၁၂ ဖြစ်ပါကြောင်း။

**ဦးသန်းရွှေ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/3544 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀)
တောင်ကြီးခရိုင်တရားရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် (၄၂)

ဦးအေးကို နှင့် ၁။ ဦးဒေါင်းညွှန့်
၂။ ဒေါ်ခင်လှဝေ

တရားလို တရားပြိုင်များ

အမှတ်(၅၀)၊ ပထမထပ်၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်လှဝေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးအေးကိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇွန် ၅ရက်(၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်ရွှေပွင့်**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်-၂၊ မြေကွက်အမှတ် ၂၄၆/D၊ ဧရိယာ ၀ဒသမ၄၆၈ဧက၊ မြေကွက်တည်နေရာအမှတ် (၂၄၆/ D )၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ဦးအီစက် ၁၂/ဒဂန(နိုင်)၀၂၆၂၈၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအီစက်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်အေး ၁၂/ဒဂန(နိုင်)၀၂၂၄၅၃မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အမည်ပေါက်၏ သေစာရင်းမိတ္တူနှင့် နှစ် ၆၀ဂရန်မူရင်းတို့အားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ကြီးခရိုင်တရားရုံးတော်၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဦးအေးကို နှင့် ၁။ ဦးဒေါင်းညွှန့်
၂။ ဒေါ်ခင်လှဝေ

တရားလို တရားပြိုင်များ

အခန်း ၄၊ စစစ ဝန်ထမ်းအိမ်ရာ၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးဒေါင်းညွှန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအေးကိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၅ ရက် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၇ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်ရွှေပွင့်**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၄ FG၊ မြေကွက်အမှတ် ၅၄၂/ဘီ+ဘီ[၁] မြေပေါ်တွင် ဆောက်လုပ်ထားသော တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၅၄၂/ဘီဟု ခေါ်တွင်သော အဆောက်အအုံ၏ ပဉ္စမထပ်(၅၄၂ ဘီ/5A)၊ အကျယ်အဝန်း ၂၅ပေ×ပေ ၅၀ရှိ (ခေါင်းရင်းခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်/အိမ်ရှင်ဖြစ်သော ဒေါ်ကြည်ကြည်ညွန့် ၁၂/ကမရ(နိုင်)၀၂၃၅၅၉ မှ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လူနေထိုင်ခွင့်အသင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၆၊ နတ်မောက် (၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘီးလင်းမြို့နယ်တရားရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဒေါ်ဝါဝါခိုင် နှင့် မဂျူးလှိုင်မိုးမြင့်

တရားလို တရားပြိုင်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မြို့မရပ်ကွက်နေ တရားပြိုင် မဂျူးလှိုင်မိုးမြင့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ၁၀၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေခိုင်မြင့်)**
**မြို့နယ်တရားသူကြီး**
**ဘီးလင်းမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ဟံသာဝတီ ၂၂လမ်း၊ အမှတ် ၁၂၆၆ မြေကွက်ပေါ်တွင် အဆင့်မြင့်ကွန်ဒိုမီနီယမ်စ၁အခန်းများကို ဦးဇော်ဇော်နိုင် ၁၂/မရက(နိုင်)၁၂၇၁၂၃ မှ ကိုယ်တိုင်ဆောက်လုပ်ပြီး အခန်းအမှတ် (၀၃-၀၂) သုံးလွှာ၊ အခန်း ၂၊ စတုရန်းပေဧရိယာ ၁၂၄၂ အကျယ်အဝန်းရှိ ပြင်ဆင်ပြီး ရေမီးစုံပါရှိသော တိုက်ခန်းကို အပိုင်ရောင်းချသူ ဦးဇော်ဇော်နိုင်မှ ၎င်းကိုယ်တိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စီစီရီ ၁၂/ပဘတ(နိုင်)၀၀၉၂၈၅ သို့ ရောင်းချရာ ဒေါ်စီစီရီမှ သဘောတူလျက် အပြီးအပိုင် ငွေပေးချေဝယ်ယူကာ အဆိုပါကွန်ဒိုမီနီယမ်တိုက်ခန်းအား လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃(ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၉-၉၆၄၄၇၁၇၉၂**

# ဝန်ကြီးဌာနလေးခု ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း



ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၅**

ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာနအနေဖြင့် ပြည်သူနှင့်အစိုးရအကြား ပေါင်းကူးဆက်သွယ် ဆက်စပ်ပေးသည့် တာဝန်ကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သတင်းအချက်အလက် ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်း ဟူသည့် လုပ်ငန်းတာဝန်သုံးခုကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုလုပ်ငန်းတာဝန်သုံးခုကို ဆောင်ရွက်ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊

*စာမျက်နှာ ၈ ကော်လံ ၁* ❐

# မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများစာအုပ် မိတ်ဆက်

**နေပြည်တော် မေ ၂၅**

မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel တွင် ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**ဦးစားပေးရည်မှန်းချက်**

ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများအတွက် "မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ လက်စွဲစာအုပ်" (Fair Trial Standards) ကို မိတ်ဆက်ခြင်းအခမ်းအနား ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် ပြည်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ ရရှိရန်အတွက် အုတ်မြစ်တစ်ခု ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးသည် ပြည်ထောင်စုအစိုးရ၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တစ်ရပ် ဖြစ်ပါကြောင်း။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် တရားဥပဒေစိုးမိုးရေးဆီသို့ (Moving Forward to the Rule of Law) ဟူသည့် ရည်မှန်းချက်ဖြင့် မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉) ခုနှစ်ကို အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံ၏ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး

*စာမျက်နှာ ၄ ကော်လံ ၁* ❄

## ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံးအားကစားဆုကို ထွန်းထွန်းအောင်(ကာယဗလ)နှင့် မေပိုးဝါး(သေနတ်ပစ်)ရွေးချယ်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် (မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်)၏ ၂၀၁၇ခုနှစ် မြန်မာ့အကောင်းဆုံး အားကစားသမားဆုချီးမြှင့်ရွေးချယ်ပွဲကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် (မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်) ဥက္ကဋ္ဌ ဦးစိုးမိုးကျော်က အမှာစကား ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်စိန်သန်း (တက္ကသိုလ်ကျော်စိန်သန်း)က

*စာမျက်နှာ ၁၀ ကော်လံ ၃* ❍


**မြန်မာအသင်းနှင့် တရုတ်အသင်း ယနေ့ ကစားမည်**
စာ » ၁၂

**တာချီလိတ်၌ ငွေကျပ်သိန်းပေါင်း ၁၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ**
စာ » ၁၃


# နိုင်ငံပေါင်း ၉၀ ကျော်မှ အလှမယ်များ ယှဉ်ပြိုင်မည့် Miss Grand International 2018 ပြိုင်ပွဲကြီး မြန်မာနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် မေ ၂၅**

ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော Miss Grand International ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတော့မည်ဖြစ်ကြောင်း Miss Grand Myanmar Organization မှ သိရသည်။

ယင်းပြိုင်ပွဲကို ပြီးခဲ့သော ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အလှမယ် အေးချမ်းမိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး စခန်းသွင်းလေ့ကျင့်ချိန်နှင့် ပြိုင်ပွဲကာလတစ်လျှောက်တွင် ထိပ်တန်းအလှမယ်များနှင့် တန်းတူရေပန်းစား အားပေးခံခဲ့ရသည်။ ပြိုင်ပွဲအပြီးတွင် ဗီယက်နမ်နိုင်ငံအစိုးရနှင့် VIETEL မှ တာဝန်ရှိလူကြီးမင်းများက မြန်မာအလှမယ်အား သီးခြားလာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ

*စာမျက်နှာ ၁၀ ကော်လံ ၁* ✳




**Miss Grand International 2017 Winner ဆုရှင်နှင့် ပြိုင်ပွဲဝင်များအား တွေ့ရစဉ်။** ဓာတ်ပုံ- မင်းထက်


နုပျို လန်းဆန်း ဖြူဝင်းမယ့် ရွှေပြည့်နန်း သနပ်ခါး Body Lotion

ခေတ်အဆက်ဆက်မြန်မာတို့ရဲ့အသားအရေကို အရိပ်တကြည့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တဲ့ ဆေးဖက်ဝင်သဘာဝရတနာ မြန်မာ့သနပ်ခါးရဲ့အကျိုးကျေးဇူးအာနိသင်တွေနဲ့ ရွှေပြည့်နန်းသနပ်ခါး Body Lotion ကိုရွှေပြည့်နန်းသနပ်ခါးမှ ထုတ်လုပ်လိုက်ပါပြီ။ ကမ္ဘာပေါ်မှာ တစ်နိုင်ငံတည်းသာရရှိနိုင်တဲ့ မြန်မာ့သနပ်ခါးရဲ့အစွမ်းအာနိသင်တွေဖြစ်ကြတဲ့

(၁) အသားဖြူ အရွယ်တင် နုပျိုစေသော ဗီတာမင်စီထက်(၁၀)ဆပိုမိုများတဲ့ Antioxidant ဓာတ်

(၂) ခန္ဓာကိုယ်အနံ့ဆိုးတွေကိုတားဆီးပေးနိုင်တဲ့ (Coumarin) ကူမရင်းဓာတ်

(၃) ပြင်းထန်တဲ့နေရောင်ခြည်ကြောင့် ဖြစ်ပေါ်စေနိုင်သော အရေပြားကင်ဆာကိုကာကွယ်ပေးတဲ့ (Marmesin) မာမီစင်ဓာတ်တို့အပြင် အသားအရေပြည့်ပြည့်ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်တဲ့ Vitamin E ကိုဖြည့်စွက် ပေါင်းစပ်ပြီး ခေတ်မီနည်းပညာ နဲ့ဆန်းသစ် တီထွင်ထားတဲ့ ရွှေပြည့်နန်းရဲ့သနပ်ခါး Body Lotion ကို အချိန်ရာသီမရွေး ရေချိုးပြီးတိုင်း လိမ်းမယ်လေ....

SHWE PYI NANN

